# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 17 August 2022 ၁၀၈၃၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်မှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်

## စက်သုံးဆီနှင့်ပတ်သက်၍ ယခုလကုန်အထိ လုံလောက်စွာရှိပြီး၊ ဝယ်ယူထားပြီးဖြစ်သည့် စက်သုံးဆီတင်သင်္ဘောများလည်း မကြာမီဆိုက်ရောက်မည်

နေပြည်တော် ဩဂုတ် ၁၆

မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့သော အခြေအနေများကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးအရဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန်ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်းမျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

အာဆီယံပဋိညာဉ်ရေးဆွဲစဉ်က စာမျက်နှာ » ၆

အချိုးကျကိုယ်စားပြုစနစ်(PR)နှင့် မြန်မာနိုင်ငံ စာမျက်နှာ » ၁၀

ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပင်စင်များ ချီးမြှင့် စာမျက်နှာ » ၈

ဓာတ်ခွဲနမူနာစုစုပေါင်း ၈၆၉၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉ ဦးတွေ့ရှိ စာမျက်နှာ » ၁၂

ကြေးမုံ

# တိုင်းပြည်အားထားဖွယ်ရာ သားကောင်းရတနာ

လူတော်လူကောင်းများ၊ ဘက်စုံထူးချွန်သူများ များများစားစား မွေးထုတ်ပေးနိုင်ခြင်းသည် မိသားစုအသိုက်အဝန်းအတွက်သော်လည်းကောင်း၊ နိုင်ငံအနာဂတ်အတွက်သော်လည်းကောင်း အားထားဖွယ်ရာဖြစ်သည်။ အဆိုပါလူငယ်လူရွယ်တို့၏စွမ်းပကားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်။ တိုးတက်သည့်အနာဂတ်နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် လူငယ်လူရွယ်များကို ငယ်စဉ်တောင်ကျေးကလေးဘဝမှ လူလားမြောက်သည့်အရွယ်အထိ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များကို ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရာ၌ ပညာတတ်မြောက်ထူးချွန်ထက်မြက်ရန်သာမက စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ (ကိုယ်ကျင့်သီလ)ပါ မြဲမြံစွဲမြဲအောင် ဆောင်ကြဉ်းပေးနိုင်ပါလျှင် ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်မည်မှာ သေချာပါသည်။ သို့ပါ၍ လူငယ်လူရွယ်များအား ပညာတတ်မြောက်ထူးချွန်ရေးနှင့် ကိုယ်ကျင့်သီလကောင်းမွန်ရေးကို အချိန်ယူကာ ဝိုင်းဝန်းပျိုးထောင်ကြရန်လိုအပ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ရှစ်ဘီလီယံခန့်ရှိရာ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်သည် လူငယ်များဖြစ်ကြသည်။ အာဆီယံဒေသတွင်း၌ လူဦးရေ ၆၅၄ သန်းရှိသည့်အနက် ၃၄ ရာခိုင်နှုန်းခန့်သည် အသက် (၁၅) နှစ်မှ (၃၅) နှစ်ကြား လူငယ်လူရွယ်များဖြစ်ကြသည်။ အဆိုပါလူငယ်လူရွယ်အများစုသည် ပညာကို ကြိုးစားသင်ယူဆည်းပူးကြပြီး တတ်မြောက်ထားသည့်ပညာဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် သယ်ပိုးထမ်းရွက်နေကြသည်။ လူငယ်လူရွယ်များသည် ပညာသာမက ကိုယ်ကျင့်သိက္ခာတို့ကိုပါ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြသူများဖြစ်၍ ၎င်းတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာဝပြောနေသည်ကို တွေ့ရမည်ဖြစ်သည်။

လူငယ်လူရွယ်များသည် အနာဂတ်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် လုပ်သားအင်အားစုများ၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာကြသည်။ တိုင်းပြည်၏အနာဂတ် အခန်းကဏ္ဍအသီးသီးကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြမည့် လူငယ်လူရွယ်များသည် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ့သားကောင်း လူကောင်းလူမွန်များဖြစ်ပေါ်လာစေရေးအတွက် ယနေ့လူကြီးများ၊ အုပ်ထိန်းသူမိဘပြည်သူများက စနစ်တကျပြုစုပျိုးထောင်ပေးကြရန် လိုအပ်သည်။ ပျိုးထောင်ရာ၌ ပညာသာမက ဆင်ခြင်တုံတရား အသိမြင့်မားသည့်ကိုယ်ကျင့်တရားများပါ ပြည့်စုံလာစေရေး ဖော်ဆောင်ပေးနိုင်ရန်လိုအပ်ပေသည်။

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသော ဆောင်ပုဒ်နှင့်အညီ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီစေရန် မျိုးဆက်သစ်များအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အသက်အရွယ်စုံပါဝင်သည့် ပိုမိုကောင်းမွန်သောကမ္ဘာကြီးကို ဖန်တီးပုံဖော်နိုင်ရေးအတွက် အရှိန်အဟုန် ပိုမိုမြှင့်တင်ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအနေဖြင့်လည်း ကမ္ဘာကြီးတွင် နောက်ကျန်မနေရစ်ဘဲ ကမ္ဘာ့နိုင်ငံများနှင့်အတူ ပါဝင်လာနိုင်ရန် အားတက်သရော ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေ အချိုးအစားများပြားသောကြောင့် လူဦးရေဆိုင်ရာ ပညာရှင်များက မြန်မာနိုင်ငံသည် "လူဦးရေဆိုင်ရာဆုလာဘ်"ကို ပိုင်ဆိုင်ထားသည်ဟုဆိုထားသဖြင့် လူငယ်စွမ်းအားကို အကျိုးရှိစွာအသုံးချပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ လူငယ်လူရွယ်များသည် ဉာဏ်ပညာ ကောင်းမွန်ထက်မြက်သော်လည်း အကျိုးပြုလုပ်ငန်းများတွင် အပြည့်အဝပါဝင်နိုင်မှု လိုအပ်နေသေးသည်ကို တွေ့ရသည်။ ပညာကို ဆုံးခန်းတိုင်သင်ယူပြီးမြောက်ခြင်းနှင့်အတူ စိတ်ဓာတ်ခံယူချက်နှင့် ကိုယ်ကျင့်တရားများပါ ငယ်ရွယ်စဉ်ဘဝများကတည်းက တည့်မတ်ဖြောင့်တန်းအောင် ဆောင်ရွက်ပေးနိုင်ပါလျှင် နိုင်ငံအတွက် သားကောင်းရတနာများများစွာဖြစ်ထွန်းလာနိုင်ပါသည်။ ယနေ့လူငယ်များတွင် ခေတ်ကာလတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဘာသာတရားက ပြဋ္ဌာန်းထားသော လူမှုကျင့်ဝတ်များကို လိုက်နာမှုအားနည်းလာသည်ကိုတွေ့ရသည်။ လူမှုကျင့်ဝတ်များကို လိုက်နာကျင့်သုံးပါက ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းတစ်ယောက်ဖြစ်မည့်အပြင် သောကကင်းဝေး၍ ငြိမ်းအေးချမ်းသာသူဖြစ်လာနိုင်ပါသည်။

ယနေ့ခေတ်ဗုဒ္ဓဘာသာဝင်မြန်မာလူငယ်များသည်ဘာသာစာရိတ္တယဉ်ကျေးမှုဘက်တွင် အားနည်းကြပါသည်။ ဘာသာစာရိတ္တယဉ်ကျေးမှုအသိဉာဏ်နည်းပါးလျှင် စိတ်နေစိတ်ထားမှအစ အပြောအဆို အနေအထိုင် သိမ်ဖျင်းလာနိုင်ပေသည်။ ဘာသာစာရိတ္တယဉ်ကျေးမှုသည် လူမျိုး၏အသက်သဖွယ် အရေးကြီးပါသည်။ ဘာသာစာရိတ္တယဉ်ကျေးမှုကို သိရှိနားလည်ကြသူများသည် ကိုယ်စိတ်နှလုံးသုံးပါး ယဉ်ကျေးသိမ်မွေ့သူများဖြစ်လာကြသည်။ ယင်းကိုအခြေခံ၍ နိုင်ငံ၏သားကောင်းသမီးမွန်များဖြစ်လာနိုင်သည်။ ယနေ့ လူငယ်လူရွယ်များအဖို့ ပညာကိုတတ်မြောက်ရုံသာမက ထူးချွန်ထက်မြက်ပြီး စဉ်းစားဆင်ခြင် စွမ်းဆောင်ရည်မြင့်မားအောင် ကြိုးစားအားထုတ်ကြကာ တစ်ဖက်တွင် ဘာသာစာရိတ္တယဉ်ကျေးမှုကို ထုံမွမ်းလာအောင် ကြိုးစားအားထုတ်ကြလျှင် အလုံးစုံပြည့်စုံကောင်းမွန်သည့် အနာဂတ်နိုင်ငံတော် ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၆,၉၀၀ | ၉၅ | ၆၅၅,၈၀၀ |
| MTSH | ၂,၄၅၀ | ၂,၄၅၀ | ၂၇၇ | ၆၇၈,၆၅၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၁ | ၆,၉၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၈၄ | ၁,၅၁၂,၀၀၀ |
| TMH | ၂,၃၀၀ | ၂,၃၀၀ | ၂၄၄ | ၅၆၁,၂၀၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၂၈.၉ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၉.၄၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၂၆၃ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၀.၂၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၄၅၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၇၁.၁ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၂.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၆.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၀၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

- ❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအနေဖြင့် သက်ဆိုင်ရာအဆင့်အလိုက် ဆောင်ရွက်နိုင်သည့် အခွင့်အရေးများရှိ**
- ❖ **တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြောကြားနေသည့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို သိရှိနိုင်မည်ဆိုပါက ကောင်းမွန်သည့် ရလဒ်တစ်ခုဖြစ်လာမည်**
- ❖ **စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာ၊ ပိုးသတ်ဆေး စသည့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ထုတ်ပေးသွားမည်**
- ❖ **မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို**

## နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေထုတ်ပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်အပတ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်ခွဲကာလအတွင်း နိုင်ငံရေးအရအကျပ်အတည်းများ၊ ကိုယ်ဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာသည့်ဆေးကုသရေး၊ကာကွယ်ရေး၊စီးပွားရေး အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိရန်နှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို ပြည်သူများသိရှိစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိရောက်သည့် အစည်းအဝေးတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ ယခင်အစိုးရလက်ထက်များက စီမံကိန်းကော်မရှင်၊ ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးများသာ ရှိခဲ့ကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအနေဖြင့် သက်ဆိုင်ရာအဆင့်အလိုက် ဆောင်ရွက်နိုင်သည့် အခွင့်အရေးများရှိကြောင်း၊ အဆိုပါ ဆောင်ရွက်ချက်များနှင့် အတွေ့အကြုံများအပေါ်တွင်မူတည်၍ တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြောကြားနေသည့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကိုသိရှိနိုင်မည်ဆိုပါက ကောင်းမွန်သည့် ရလဒ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရန်ပုံငွေများကို ထုတ်ပေးခဲ့ကြောင်း။

နိုင်ငံ၏စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုစေမည့် စပါးစိုက်ပျိုးရေးနှင့် ပဲစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး မိုးစပါးစိုက်ပျိုးရန်အတွက် အချိန်ကာလဝေးနေသေးကြောင်း၊ ထို့ကြောင့် အဆိုပါရန်ပုံငွေများကို ဆောလျင်စွာ အသုံးချနိုင်ရေးအတွက် နွေစပါးစိုက်ပျိုးရေးကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ပဲတီစိမ်းသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် ဈေးကွက်များရှိခြင်းကြောင့် ပဲတီစိမ်းများ စိုက်ပျိုးနိုင်ရေးအတွက် အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက်လည်း တစ်ပြေးညီဖြစ်စေရေး ထိုက်သင့်သည့် မတည်ငွေများ ထုတ်ပေးခဲ့ကြောင်း၊ ဒေသအလိုက် မြစိမ်းရောင်စီမံကိန်းများအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးကို ပြန်လည်မြှင့်တင်ဆောင်ရွက်နိုင်စေရန်အတွက် ယခုကဲ့သို့ ရန်ပုံငွေများထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးမှုကို ဦးစားပေးဆောင်ရွက်ခြင်းသည် ငွေရမြန်သည့် မတည်ငွေ (Quick Win) ဖြစ်သည့်အတွက် လာမည့် မိုးစပါးကာလတွင် နွေသီးနှံများမှ ရရှိလာမည့် အကျိုးအမြတ်များကို မြေဩဇာများဝယ်ယူနိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ရန်ပုံငွေများကိုပေးအပ်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာ၊ ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ငွေကြေးစိုက်ထုတ်ရန် မလိုအပ်ဘဲ ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးတောင်သူများက ရှေးယခင်ကာလများက နိုင်ငံတော်မှ ချေးယူထားပြီး ဆပ်ရန်ကျန်ရှိနေသေးသည့် စိုက်ပျိုးရေးချေးငွေများကို ယခုရရှိမည့် အကျိုးအမြတ်များထဲမှ ထိုက်သင့်သလို ပြန်လည်ပေးဆပ်ရန်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် သမဝါယမအစုအဖွဲ့ဝိုင်းကြီးချုပ် စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးရန်လိုအပ်သည့် မြေဩဇာ၊ ရေနှင့်မျိုးများရရှိအောင် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး စိုက်ဧက တစ်ဧကလျှင် အနည်းဆုံး တင်း ၁၀၀ ထွက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောက်တစ်နှစ် မိုးစပါးစိုက်ပျိုးမှုနှင့် နွေစပါးစိုက်ပျိုးမှုအတွက် စိုက်ပျိုးရေးစရိတ်များ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အခြားပိုလျှံသည့် ငွေများမှ ပဲသီးနှံများ၊ ဝါနှင့် အခြားသီးနှံများစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးစရိတ်များထုတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် မိုးသီးနှံများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးစရိတ်များထုတ်ပေးနိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းမှာ နှစ်ဆပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ချိန်တွင် တောင်သူလယ်သမားများအနေဖြင့် စိုက်ထုတ်မှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရန် တွက်ချက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများသို့ ပေးအပ်ထားသည့် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများသည် ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ တိုးပွားမှုများရှိလာမည်ဖြစ်သဖြင့် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုကဲ့သို့ ရန်ပုံငွေထုတ်ပေးခြင်းသည် နိုင်ငံအတွက် အားတစ်ခုဖြစ်မည်ဟု ယုံကြည်ကြောင်း။

## နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ ထုတ်ကုန်များ လုံလောက်စွာထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန် လိုအပ်မှု

နိုင်ငံတစ်ခု၏ စီးပွားရေးသည် နိုင်ငံရေးနှင့်ဆက်စပ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေး အားကောင်းမွန်ရန်လိုအပ်ကြောင်း၊ စီးပွားရေးဟုဆိုရာတွင် ထုတ်လုပ်မှုအပိုင်းနှင့် ကုန်သွယ်မှုအပိုင်းဟူ၍ နှစ်မျိုးရှိပြီးပစ္စည်းရှိမှသာ ကုန်သွယ်မှုပြုနိုင်မည်ဖြစ်ကြောင်း၊ စင်ကာပူနှင့် ဟောင်ကောင်ကဲ့သို့သော နိုင်ငံများသည် အခြားနိုင်ငံများမှ ထုတ်လုပ်သည့် ထုတ်ကုန်များဖြင့် ကုန်သွယ်ရေးဆောင်ရွက်၍ နိုင်ငံစီးပွားတိုးတက်ဖွံ့ဖြိုးရေးဆောင်ရွက်လာသည့် နိုင်ငံများဖြစ်ကြောင်း၊ ၎င်းနိုင်ငံများတွင် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ စက်ရုံကြီးများမရှိဘဲ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများသာရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်သွယ်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းနှစ်မျိုးလုံး ဆောင်ရွက်၍ရကြောင်း။

ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်အောင် ဆောင်ရွက်၍ရကြောင်း၊ ရောင်းချရန်အတွက် လိုအပ်သည့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုသည် စီးပွားရေးစက်ဝန်းတွင် များစွာအကျိုးရှိသဖြင့် ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းရှိအောင် ကြိုးပမ်း၍ ကုန်သွယ်မှုရရှိအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်၍ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူများအတွက်လည်း ကုန်ထုတ်လုပ်မှုများမှ အကျိုးအမြတ်များရရှိမည်ဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုအတွက် ကုန်ထုတ်လုပ်မှုများကို မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံခြားဝင်ငွေများအနေဖြင့် ကုန်သွယ်မှု(Trade) နှင့် ကုန်သွယ်မှုနှင့် မသက်ဆိုင်သည့်(Non Trade)တို့မှ ဝင်ငွေများရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တင်ပြချက်များအရ မိမိတို့နိုင်ငံတွင် နှစ်စဉ်ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တစ်နှစ်တည်းတွင်သာ ပိုငွေအနည်းငယ်ပြခဲ့သည်ကို သိရှိရကြောင်း၊ ပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများဖြင့် လည်ပတ်အသုံးပြုနေသည်ကိုသိရှိရခြင်းကြောင့် နိုင်ငံအတွက် အန္တရာယ်ကြီးမားသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်ပဝင်ငွေများရရှိရေး ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန် လိုကြောင်း၊ ထုတ်ကုန်များ တိုးမြှင့်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရေအတွက် ပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်၍ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ကုန်သွယ်မှုကို မြှင့်တင်ရန်လိုကြောင်း။

ပြည်ပသွင်းကုန်များနှင့်ပတ်သက်၍ တိုင်းပြည်စီးပွားရေးပြန်လည်ကောင်းမွန်ရန်အတွက် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ရသည့် ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အချို့ပစ္စည်းများမှာ သတ်မှတ်ထားသည့် အရည်အသွေးမရှိသည်ကို တွေ့ရှိရသဖြင့် လိုအပ်သည့် စက်ပစ္စည်းများနှင့် နည်းပညာများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ကြောင်း။

ပြည်ပမှ တင်သွင်းလျက်ရှိသည့် ပစ္စည်းများတွင် ဝါနှင့်ပတ်သက်၍ ပြည်တွင်း အထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများ တင်သွင်းမှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ခတုချည်ခင်၊ အခြားချည်ထည်မျိုးစုံ၊ ချည်ထည်နှင့်ပိတ်၊ အပ်ချည်ကြိုးတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၂၈၀ ခန့်တင်သွင်းခဲ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါထွက်ရှိသော်လည်း ပြည်ပသို့ ကုန်ကြမ်းများတင်ပို့၍ ပြည်တွင်းသို့ ကုန်ချောများ တင်သွင်းနေရခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ချည်မျှင်များသည် ကုန်ချောထုတ်လုပ်ရန်အတွက် အဆင့်မီသည့် ချည်မျှင်ရှည်ဝါများဖြစ်ရန်လိုအပ်သဖြင့် ပြည်တွင်းဝါစိုက်ပျိုးမှုတွင် အဆင့်မြင့်ချည်မျှင်ရှည်ဝါများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဝါစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ချည်မျှင်ရှည်ဝါများကို အသုံးပြု၍ နိုင်ငံအတွင်းရှိ စက်ရုံများမှ အဆင့်မီချည်ထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အထည်အလိပ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတိုးတက်အောင် အားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးနှင့် အမျိုးသားရေး ရည်မှန်းချက် ဖော်ဆောင်မှု

နိုင်ငံရေးနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ လူမှုရေးနှင့် နိုင်ငံရေးကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတည်ငြိမ်လာပြီး ဆောင်ရွက်လိုသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံရေး ရည်မှန်းချက်မှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံရေး ရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် တစ်ဖက်မှလည်း ငြိမ်းချမ်းရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူမှုရေးနှင့်ပတ်သက်၍လည်း ပြည်သူတစ်ဦးချင်း၏ အသိပညာ၊ အတတ်ပညာနှင့်လျော်ညီသည့် လူနေမှုစနစ်ကို ဖန်တီးပေးနိုင်ရန်လိုကြောင်း၊ လူနေမှုစနစ်ကောင်းမွန်ရန်အတွက် ပညာတတ်ရန်နှင့် စီးပွားရေးကောင်းမွန်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများရရှိအောင် ဖော်ဆောင်ပေးရန်လိုကြောင်း၊ လူမှုရေးတွင် ပညာရေး၊ ကျန်းမာရေး၊ လူနေမှုစနစ်များပါဝင်ကြောင်း။

စာမျက်နှာ ၄ သို့ ✻

✻ စာမျက်နှာ ၃ မှ

လူမှုစီးပွားနှင့်ပတ်သက်၍ အမျိုးသားရေးရည်မှန်းချက်နှစ်ခုမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှ တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံအားဖြင့် စီးပွားရေးအားကောင်းအောင်ကြိုးပမ်းဆောင်ရွက်၍ တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးဟုဆိုရာတွင် စားသောက်စရာဖူလုံရေး၊ သုံးစွဲရန်ရေဖူလုံရေး၊ ရိက္ခာဆိုရာတွင် အသုံးအဆောင်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများဖူလုံရေးများပါဝင်ကြောင်း၊ စားသောက်မှုဖူလုံရုံတင်မက ရေရှားပါးသည့်ဒေသများအတွက် ရေလုံလောက်စွာရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်သည့် ဒေသများအတွက်လည်း ရေလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်စားရေရိက္ခာပေါများရေးအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ကို ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များကို နိုင်ငံအတွင်း ဖူလုံစွာဖြင့် ပေါများအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားရေးရည်မှန်းချက်သည် နိုင်ငံအတွက် အဓိပ္ပာယ်ရှိစွာဖြင့် ချမှတ်ထားခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ထောင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် **“နိုင်ငံရေးရည်မှန်းချက်မှာလည်း နှစ်ချက်က ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး။ ဒါဟာပြည်သူကရွေးချယ်ထားတာ ကျွန်တော်ဘာမှ ငြင်းစရာအကြောင်းမရှိဘူး။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စု။ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ ဖက်ဒရယ်အာဏာကိုပေးထားတဲ့ပြည်ထောင်စုကိုသွားရမယ်။ ဒါ့ကြောင့် ဝန်ကြီးချုပ်တွေကိုလည်း ကျွန်တော်ပြောတယ်။ ခင်ဗျားတို့ ဖက်ဒရယ်အာဏာတွေ ခင်ဗျားတို့ရှိနေတယ်။ ဒီအပေါ်မှာ ခင်ဗျားတို့လုပ်ကြည့်ပါ။ အခုလည်းသူတို့လုပ်ကြတာပဲ။ တချို့ ပြည်ထောင်စုကပြောတာ။ ဗဟိုကပြောတာ မဟုတ်ဘူး သူတို့ဘာသာလုပ် နေတဲ့ဟာ။ ရည်မှန်းချက်တွေအများကြီးပါတယ်။ ကျွန်တော်ကလည်း တချို့ဟာတွေသဘောကျတယ်။ ဒါဆိုကောင်းတယ်။ လုပ်ပါ။ အားပေးပါတယ်။ ခင်ဗျားအတွက် အခက်အခဲရှိရင် ကျွန်တော့်ကိုပြော။ ဒီလိုပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ ဖက်ဒရယ်အာဏာကို၊ လုပ်ပိုင်ခွင့်ကိုပေးထားတဲ့ ပြည်ထောင်စုကိုသွားရမယ်။ နိုင်ငံရေးမှာ ရည်မှန်းချက်နှစ်ခုကဒါပဲဖြစ်တယ်။ ဒီလိုသွားနိုင်ဖို့ဆိုရင် အရေးကြီးတာက ငြိမ်းချမ်းရေးပေါ့။ ငြိမ်းချမ်းရေးကို ကျွန်တော်တို့သွားနေတယ်။ နားလည်တဲ့သူတွေကတော့ ငြိမ်းချမ်းရေးအတွက်လာကြတာပေါ့။ နားမလည်တဲ့သူကတော့ ဘေးကနေပြောနေကြတုန်း ရှိပါသေးတယ်။ အခု ၁၀ ဖွဲ့ ကျွန်တော်တို့ ဆွေးနွေးပြီးသွားပြီ။ မနေ့တစ်နေ့ကပဲ ကျွန်တော် SSPP အဖွဲ့နဲ့ဆွေးနွေးတယ်။ ကျွန်တော်တို့အားလုံးအောင်မြင်ပါတယ်။ အခုနကပြောတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ ဖက်ဒရယ်အာဏာကိုပေးထားတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ခင်ဗျားတို့ လက်ခံလားမေးတော့ အကုန်လက်ခံတယ်ပြောတယ်။ ကျွန်တော်ဒုတိယအကြိမ်ပြန်တွေ့မယ်။ ဒီလထဲမှာ ပြန်တွေ့ဖို့ကြိုးစားနေတယ်။ အဖွဲ့ ၁၀ ဖွဲ့လုံးကို အုပ်စုဖွဲ့ပြီး တစ်ခါဆွေးနွေးမယ်။ စက်တင်ဘာလကျလို့ရှိရင် တစ်ခါသူတို့နဲ့ အားလုံးပြန်တွေ့မယ်။ အဲ့ဒါပြီးရင် လက်မှတ်ထိုးနိုင်ဖို့ ကြိုးစားမယ်။ ဒီအတွက်တော့ ဘယ်လောက်ကြာမလဲကျွန်တော် မပြောနိုင်သေးဘူး။ အခြေခံသဘောတူညီချက်ရပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အနေနဲ့မရစရာ အကြောင်းမရှိဘူးလို့မြင်ပါတယ်။ ဒါကိုဘာကြောင့် EAO တချို့ အဖွဲ့တွေက နားလည်မှုမရှိနိုင်လဲဆိုတာ ကျွန်တော်လည်း မတွေးတတ်ဘူး။ တကယ်လို့ပြည်ထောင်စုအပေါ်မှာ။ တကယ့်ကို တိုင်းရင်းသားအရေး။ ပြည်ထောင်စုအရေးကို တကယ်မျှော်မှန်းလို့ရှိရင် ဒီနှစ်ချက်အပေါ်မှာ အခြေခံပြီးလုပ်မယ်ဆိုရင် ဘာမှမဖြစ်စရာအကြောင်းမရှိဘူး။ ကျွန်တော်တို့ကိုယ်တိုင်က လိုလားပါတယ် ပြောထားပြီးပြီပဲ။ ဖြစ်ချင်ပါတယ် ပြောထားပြီးပြီပဲ။ အဲဒီအတွက် လာပြီးဆွေးနွေး။ ကျွန်တော်တို့ပြောမယ်။ အဲဒီကျရင်။ ဒါကတော့ မဖြစ်နိုင်ဘူး။ဒါကတော့ဖြစ်နိုင်တယ်။ ကျွန်တော်ပြောမယ်။ ကျွန်တော်တို့ဖြစ်ချင်တာဒါရှိတယ်။ ခင်ဗျားတို့ဖြစ်ချင်တာ ဒါရှိတယ်။ အဲ့ဒီတော့ နှစ်ဖက်ညှိပြီးတော့ ဖြစ်သင့်တာတွေကို ကျွန်တော်တို့ သဘောတူညီချက်ရအောင်ယူ။ ဒါပဲဗျာ ။ အဖြေက”** ဟုပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံရေးတွင်ဆွေးနွေးအဖြေရှာခြင်းကို အားလုံးက လက်ခံထားပြီးဖြစ်ကြောင်း၊ အာဆီယံသဘောတူညီချက် (၅)ရပ်ထဲတွင် တွေ့ဆုံဆွေးနွေးရန်အချက် ပါရှိကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့သော အခြေအနေမျိုး မရောက်ရှိရန်အတွက် မဲစာရင်းများမှားယွင်းမှုကို ဖြေရှင်းဆောင်ရွက်ပေးရန် ၂၀၂၀ နှောင်းပိုင်းကာလ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတို့တွင် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဖိတ်ခေါ်ရာတွင်လည်း လွှတ်တော်တွင်ဆွေးနွေးရန်၊ သို့မဟုတ် ကော်မရှင်နှင့် ဆွေးနွေးရန်အတွက် ပြောကြားခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဆွေးနွေးရန်လက်ခံမှုမရှိခဲ့ဘဲ မျက်ကွယ်ပြုခဲ့ကြောင်း၊ ထိုသို့မျက်ကွယ်ပြုခဲ့ခြင်းမှာ ၎င်းတို့မဲစာရင်းမှားယွင်းမှုကိုဖြေရှင်းရန် သက်သေအထောက်အထားမပြနိုင်ခြင်း၊ မပြနိုင်ကြောင်းတွေ့ပါကလည်း မဲမသမာမှုကြောင့် ရွေးကောက်ပွဲ အထမမြောက်မည်ကိုဝန်ခံရာရောက်မည် စိုးရိမ်သောကြောင့် ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ရွေးကောက်ပွဲကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများ မပြုလုပ်နိုင်ခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးရန်မဖြစ်နိုင်ကြောင်း၊ ဥပဒေကြောင်းအရသာ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်

❖ **နိုင်ငံရေးကို နိုင်ငံရေးအရဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန်ခက်ခဲနေမည်**

❖ **ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ အချို့သောကျေးရွာများတွင် အကြောင်းအမျိုးမျိုးဖြင့် ဆေးထိုးနှံမှုမရှိသေးသည့်သူများရှိနေ**

❖ **တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒေသအလိုက် ခေါင်းဆောင်များကို နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သိရှိအောင် ဆောင်ရွက်ပြီး လုပ်ငန်းများအောင်မြင်ရေး တိုက်တွန်းဆောင်ရွက်ပေးမည်ဆိုပါက လုပ်ငန်းအရှိန်အဟုန်များ ယခုထက်ပိုမိုတိုးတက်လာမည်**

ယခုကဲ့သို့သော အခြေအနေများကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးအရဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန်ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်းမျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

### ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍

ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ ထိန်းသိမ်းမှုများလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ သို့သော် ယခုလ ဒုတိယပတ်မှစ၍ ပိုးတွေ့လူနာ ၁၀ ဦးနှင့် ၂၀ အကြားတွေ့ရှိနေရကြောင်း၊ ထို့ကြောင့် ကိုဗစ် – ၁၉ စည်းကမ်းချက်များကို စနစ်တကျဖြင့် လိုက်နာရန်လိုကြောင်း၊ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိကြောင်း၊ ပြည်ပမှဝင်ရောက်လာသူများကို ပိုမိုသတိထားဆောင်ရွက်ရမည်ဖြစ်ပြီး နယ်စပ်ဂိတ်ပေါက်များနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်လည်း စနစ်တကျဖြင့် စစ်ဆေးဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ် ၁၉ ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်၍ အချို့သောကျေးရွာများတွင် အကြောင်းအမျိုးမျိုးဖြင့် ဆေးထိုးနှံမှုမရှိသေးသည့်သူများ ရှိနေကြောင်း၊ ထို့ကြောင့် တစ်ဖက်မှ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကိုဗစ်ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများ ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကျန်းမာရေးရှုထောင့်မှကြည့်၍ ပြင်ဆင်ရန်လိုအပ်သည်များကို စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း။

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ကောင်စီဝင်များအနေဖြင့် မိမိတို့အပိုင်းအလိုက် ဆောင်ရွက်၍ရသည်များကို လိုက်ပါ၍ တွန်းအားပေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒေသအလိုက် ခေါင်းဆောင်များကို နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သိရှိအောင်ဆောင်ရွက်ပြီး လုပ်ငန်းများအောင်မြင်ရေး တိုက်တွန်းဆောင်ရွက်ပေးမည်ဆိုပါက လုပ်ငန်းအရှိန်အဟုန်များ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များက ပြည်ပသြဇာခံများ၊ အမျိုးသားရေးသစ္စာဖောက်များနှင့် နိုင်ငံတော်သစ္စာဖောက်မှုများကို ထိရောက်စွာအရေးယူနိုင်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေး၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့် စပ်လျဉ်းသည့် သမိုင်းမှတ်တမ်းအသေးစိတ်ကို ကျောက်စာရေးထိုး မှတ်တမ်းတင်နိုင်ရေး၊ နိုင်ငံအတွင်းကုန်ဈေးနှုန်းနှင့် လောင်စာဆီဈေးနှုန်း တည်ငြိမ်မှုမရှိစေရန် ဆောင်ရွက်နေသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ သမိုင်းဝင် ပုဂ္ဂိုလ်အထိမ်းအမှတ်မော်ကွန်းဥပဒေတွင် ပြင်ဆင်ဖြည့်စွက်လိုသောအချက်များ၊ ပြည်ပပို့ကုန်မှ ရရှိသည့်နိုင်ငံခြားငွေကို ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်လည်ပတ်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်လူငယ်ရေးရာကော်မတီများတွင် ပါဝင်သင့် ပါဝင်ထိုက်သည့် အဖွဲ့အစည်းများ ထည့်သွင်းဖွဲ့စည်းပေးရေး၊ ဘာသာရေးကို အကြောင်းပြု၍ လှည့်လည်စည်းရုံးဟောပြော လှုံ့ဆော်မှုများကို ထိန်းသိမ်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ် တရားလွှတ်တော်အဆောက်အအုံ ဆောက်လုပ်ရန် ခွင့်ပြုထားသည့်မြေနေရာရှိ အချို့ဝန်ကြီးဌာနပိုင် အဆောက်အအုံနှင့် မြေနေရာများ စွန့်လွှတ်ပေးရေး၊ နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ချုပ်ငြိမ်းရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများ၊ နိုင်ငံအတွင်းငွေကြေးတန်ဖိုး တည်ငြိမ်ရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သမိုင်းဝင် ပုဂ္ဂိုလ်အထိမ်းအမှတ်မော်ကွန်းဥပဒေတွင် ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက်များကို အကြံပြု ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ရေးရာကော်မတီများဖွဲ့စည်းမှုနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေကြေးလဲလှယ်နှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ ဘဏ်အားလုံး၏ ဝင်ငွေထွက်ငွေအခြေအနေ၊ နိုင်ငံခြားကုန်သွယ်မှု ဝင်ငွေထွက်ငွေ အခြေအနေတို့ အပေါ်တွင်မူတည်ကာ ဗဟိုဘဏ်က တွက်ချက်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ဝိသမလောဘသားများ ဈေးကစားခြင်းကြောင့် ငွေကြေးတည်ငြိမ်မှုမရှိခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း စီးပွားရေးကျဆင်းမှုများ တွေ့ကြုံနေကြရကြောင်း၊ အရန်ငွေကြေးနည်းပါးသည့် မိမိတို့နိုင်ငံအတွက်လည်းထိခိုက်မှုများရှိကြောင်း၊ သို့သော် လက်ရှိကုန်သွယ်မှုစနစ်အရ ပြဿနာမရှိနိုင်ကြောင်း။

စက်သုံးဆီနှင့်ပတ်သက်၍ ယခုလကုန်အထိ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဝယ်ယူထားပြီးဖြစ်သည့် စက်သုံးဆီတင် သင်္ဘောများလည်း မကြာမီဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ထို့ပြင်ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် စက်သုံးဆီများ ယခုလကုန်ပြီး မကြာမီ ဝင်ရောက်လာမည်ဖြစ်ပြီး ဆက်တိုက်ဝင်ရောက်လာမည်ဖြစ်ကြောင်း။ ထို့ကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရန်မလိုကြောင်း၊ စက်သုံးဆီဈေးနှုန်းနှင့်ပတ်သက်၍ ကုန်သည်များ ဈေးကစားနေခြင်းသာဖြစ်ကြောင်း၊ သတ်မှတ်ချက်အတိုင်း ရောင်းချပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

မိမိတို့ တာဝန်ယူသည့် တစ်နှစ်ခွဲကာလအတွင်း အခက်အခဲမျိုးစုံကို ဖြတ်ကျော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုလာမည့် ခြောက်လတာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ဦးမော့လာအောင်ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းခြောက်လတာကာလသည် အရှိန်အဟုန်ဖြင့် မောင်းနှင်ဆောင်ရွက်ရမည့် ကာလဖြစ်ကြောင်း၊ စီးပွားရေး ဦးမော့လာပြီး နိုင်ငံရေးတည်ငြိမ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းအတွက် ငြိမ်းချမ်းရေးကိုလည်း ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့အားလုံး တက်ညီလက်ညီတွန်းအားဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း ရှုထောင့်မျိုးစုံမှ စွမ်းအားရှိသမျှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၃) ဖွင့်လှစ်

**နေပြည်တော် သြဂုတ် ၁၆**

အစိုးရဌာနများနှင့် အဖွဲ့အစည်းများအတွင်း ခိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စွမ်းရည်များကို မြှင့်တင်ပေးရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။



**တက်ရောက်**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း စီမံခန့်ခွဲမှု အဖွဲ့ အဖွဲ့ဝင်များ၊ ဌာနအကြီးအကဲများနှင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတို့မှ သင်တန်းသားသင်တန်းသူ အရာထမ်း ၄၀ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်တို့က အမှာစကားများ ပြောကြားကြသည်။

သင်တန်းတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသိကောင်းစရာများ၊ မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ပြုပြင်ပြောင်းလဲရေး၊ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည်များ စာရင်းလျာထားဆောင်ရွက်ခြင်းနှင့် စာရင်းပြုစုခြင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုနှင့် အရအသုံးခန့်မှန်းခြေ ရေးဆွဲတင်ပြရာတွင် လိုက်နာရမည့်အချက်များ၊ ပြည်ပချေးငွေနှင့် ပြည်ပအကူအညီရယူခြင်း၊ နိုင်ငံခြားငွေ သုံးစွဲခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ၊ စီမံကိန်းစိစစ်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊ ငွေတိုက်လုပ်ငန်းဆိုင်ရာ ဘဏ္ဍာရေးသတင်းအချက်အလက်များ၊ စာရင်းပေါင်းချုပ် ပြုစုရေးနှင့် အစီရင်ခံခြင်း၊ ဘဏ္ဍာရေးစာရင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်မည်ဖြစ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အခြေခံသင်တန်း လေးခု၊ အထူးကာလတို သင်တန်းများ ၄၇ ခုကို ဖွင့်လှစ်နိုင်ခဲ့ကာ ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကိုလည်း စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေး ကျင်းပ

### သယံဇာတထုတ်ယူသုံးစွဲခြင်းအား သစ်တောကာကွယ်ထိန်းသိမ်းခြင်းကို ဦးစားပေး၍ အကန့်အသတ်ဖြင့် အနည်းဆုံး လိုအပ်ချက်ကိုသာ ထုတ်ယူလျက်ရှိ

**နေပြည်တော် သြဂုတ် ၁၆**

သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ (၄/၂၀၂၂) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းရုံးချုပ် (ကြို့ကုန်း)တွင် ကျင်းပသည်။

**ချိန်ဆဆောင်ရွက်**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ဖြင့် စီမံဆောင်ရွက်လျက်ရှိပြီး သယံဇာတထုတ်ယူသုံးစွဲခြင်းအား သစ်တောကာကွယ် ထိန်းသိမ်းခြင်းကို ဦးစားပေး၍ အကန့်အသတ်ဖြင့် အနည်းဆုံး လိုအပ်ချက်ကိုသာ ထုတ်ယူလျက်ရှိကြောင်း၊ ထွက်ရှိလာသော သစ်များကိုလည်း တန်ဖိုးမြှင့် သစ်အချောထည်များ ထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပ ဝင်ငွေများ ရှာဖွေရေး၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အရေးများ ဖန်တီးပေးရေးတွင် သစ်အခြေခံစက်မှုလုပ်ငန်းများ၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဌာနနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်၍ Teamwork ဖြင့် ဆောင်ရွက်သွားရန်နှင့် နည်းပညာ/လူ့စွမ်းအား အရင်းအမြစ် တိုးတက်စေရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ထုတ်လုပ်သည့် သစ်အချောထည်များ ပြည်တွင်း/ပြည်ပ ဈေးကွက်ရရှိရေး၊ ဝယ်လိုအားရရှိမှုအပေါ် မူတည်၍ လပ်ပုံတင်ဒါပမာဏကို ချိန်ဆဆောင်ရွက်ရေး၊ ကျွန်းနှင့် သစ်မာ တင်ဒါကိစ္စရပ်များ ပိုမိုအဆင်ပြေ ချောမွေ့စေရေး၊ စနစ်တကျဖြစ်စေရေးနှင့် ရေတိုရေရှည် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မဟာဗျူဟာမြောက်ချမှတ် အကောင်အထည်ဖော်ရေး အထူးကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။



**ဆွေးနွေး**

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထွန်းအုံက အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများ ချမှတ်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် သြဂုတ် ၁၆**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာသည် မြန်မာနိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက ရန်ကုန်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြင်ဆင်ဖတ်ရှုပါရန်

သြဂုတ် ၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးတွင် ဖော်ပြပါရှိသည့် "ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် မြန်မာ့တပ်မတော် ဝင်ရောက်ယှဉ်ပြိုင်၊ နိုင်ငံပေါင်း ၂၀ ယှဉ်ပြိုင်ရာတွင် အဆင့် (၈) နေရာရရှိ" သတင်း၏ သတင်းခေါင်းစဉ်၊ ပထမစာကြောင်းနှင့် ဓာတ်ပုံ ပုံစာတို့တွင် ပါရှိသည့် **ရုရှားဖက်ဒရေးရှင်းနိုင်ငံ** အစား **ရုရှားဖက်ဒရေးရှင်းနိုင်ငံ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်းအဖွဲ့**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# အာဆီယံပဋိညာဉ်ရေးဆွဲစဉ်က

တက္ကသိုလ် မြတ်သူ

၂၀၀၇ ခုနှစ် မတ်လအာဆီယံအသင်းကြီးအတွက် အသင်းဝင်နိုင်ငံတိုင်းက လက်မှတ်ရေးထိုးပြီး လိုက်နာရန် ဝန်ခံကတိပြုရသည့် ပဋိညာဉ်စာချုပ်ကြီးကို ရေးဆွဲနေပေသည်။ အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေရေးဆွဲရေး ကျွမ်းကျင်သောပုဂ္ဂိုလ်များကို ဝန်ကြီးအဆင့်၊ ပါမောက္ခအဆင့်ရှိပညာရှင်ပုဂ္ဂိုလ်များက ဦးဆောင်ရေးဆွဲ ခရီးပေါက်မြောက်နေပေသည်။ မြန်မာနိုင်ငံမှ ဝန်ကြီးအဆင့်ရှိ စီးပွားရေးပညာရှင်ဒေါက်တာသန်းညွန့် ခေါင်းဆောင်သောအဖွဲ့ကလည်း တက်ကြွစွာပါဝင်ဆောင်ရွက်နေပေသည်။

**အမြင်သဘောထားဆန္ဒယူ**

ထိုစဉ်က အာဆီယံပဋိညာဉ်ရေးဆွဲရေးအဖွဲ့ခေါင်းဆောင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)က မိမိတို့ရေးဆွဲနေသော အာဆီယံပဋိညာဉ်ကို ဝန်ကြီးအဆင့်၊ ဥပဒေရေးဆွဲရေးကျွမ်းကျင်သော ပညာရှင်များက ရေးဆွဲနေပေပြီ။ သို့သော် အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းမှ ပြည်သူတို့၏သဘောထားဆန္ဒ၊ လူမှုရေးအမြင်၊ အမျိုးသားယဉ်ကျေးမှုရှုထောင့်၊ လူမျိုးစရိုက်လက္ခဏာအမြင်တို့လည်း ဤပဋိညာဉ်ရေးဆွဲရာ၌ ပါဝင်သင့်သည်။ ထို့ကြောင့် အာဆီယံဝင်နိုင်ငံများမှ လူမှုရေးအမြင်များ ထင်ဟပ်တင်ပြနိုင်သော လူမှုရေးကိုယ်စားလှယ်များ ဖိတ်ခေါ်မေးမြန်းမည်။ အမြင်သဘောထားဆန္ဒယူမည်ဟုပြောကာ ဖိတ်ကြားခဲ့သည်။

ထိုဖိတ်ကြားချက်အရ မြန်မာလူမှုရေးကိုယ်စားလှယ်အဖွဲ့ကို စိစစ်ရွေးချယ်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမြင့်(နောင်သံအမတ်ကြီး)က အဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

(၁) ဦးလှမြင့် – နိုင်ငံခြားရေးရုံး(အဖွဲ့ခေါင်းဆောင်)
(၂) ဦးမြတ်သူ – စာရေးဆရာ၊ သတင်းစာဆရာ
(၃) ဒေါက်တာဒေါ်သက်သက်ဇင် – အမျိုးသမီးရေးရာအဖွဲ့ ခေါင်းဆောင်
(၄) ဦးထွန်းအောင် – UMFCCI ခေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကိုယ်စားလှယ်
(၅) ဒေါက်တာမြင့်ဆွေ – သမိုင်းပါမောက္ခ၊ ဒဂုံတက္ကသိုလ်
(၆) ဒေါက်တာဝါဝါမောင် – စီးပွားရေးပညာရှင် (ယခု ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)တို့ ဖြစ်ကြသည်။

**အဖွဲ့လိုက်အကြံပြု**

မြန်မာလူမှုရေးအကြံပေးအဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ၂၀၀၇ ခုနှစ် မတ်လတွင် သွားရောက်ခဲ့သည်။ မနီလာရောက်ပြီး နောက်တစ်နေ့မှာပင် လူမှုရေးကိုယ်စားလှယ်များ၏ စုံညီအစည်းအဝေးကျင်းပခဲ့သည်။ မြန်မာကိုယ်စားလှယ်များအပါအဝင် အာဆီယံဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ ကဏ္ဍသုံးရပ်ခွဲ၊ လူခွဲပြီး ဆွေးနွေးကြရသည်။ အဖွဲ့လိုက်အကြံပြုစာတမ်းရေးကြရသည်။

ထိုစဉ်က ဦးလှမြင့်၊ ဒေါက်တာမြင့်ဆွေတို့က နိုင်ငံရေးကဏ္ဍ၊ ဦးထွန်းအောင်နှင့် ဒေါက်တာဝါဝါမောင်တို့က စီးပွားရေးကဏ္ဍ၊ ကျွန်တော် (တက္ကသိုလ်မြတ်သူ)နှင့် ဒေါက်တာဒေါ်သက်သက်ဇင်တို့က ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆွေးနွေးခဲ့ရသည်။

၂၀၀၇ ခုနှစ်ကာလသည် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီလူ့အခွင့်အရေးဟူသော စကားလုံးနှစ်လုံးကို ရေလဲနှင့်သုံးပြီး နိုင်ငံများစွာ၏ ပြည်တွင်းရေးကို နယ်ချဲ့လက်ဟောင်းလက်သစ်နိုင်ငံများက ဝင်ရောက်စွက်ဖက်နေချိန်ဖြစ်သည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ကမ္ဘာ့နိုင်ငံများက စုဝေးဖွဲ့စည်းခဲ့သည်။ ဖွဲ့စက အဖွဲ့ဝင်နိုင်ငံ ၅၁ နိုင်ငံ၊ ယခုအခါအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံရှိနေပေပြီ။ အဖွဲ့ဝင်နိုင်ငံတိုင်း ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကိုပါ သက်ဝင်လက်ခံကြရသည်။ **အထူးရေးဆွဲထားသော ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးပါ ပြဋ္ဌာန်းချက်အားလုံးကိုလည်း လက်ခံလိုက်နာပါမည်ဟု ပဋိညာဉ်(ကတိပြု) လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်တိုင်း လိုက်နာရမည့် ပဋိညာဉ်သည် နိုင်ငံတကာစာချုပ်ကြီးပင်ဖြစ်သည်။ ယင်းပဋိညာဉ် အပိုဒ်(၂)တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည်ပင်လျှင် အဖွဲ့ဝင်နိုင်ငံတို့၏ ပြည်တွင်းစီရင်ပိုင်ခွင့်ကျရောက်သော အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခွင့်မပြု။ အဖွဲ့ဝင်နိုင်ငံအားလုံးတွင်ပင်လျှင် သူတစ်ပါးပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရဟု ပြဋ္ဌာန်းထားသည်။ ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံအားလုံး ကြီးကြီးငယ်ငယ် အားလုံး တန်းတူ မဲပေးစရာရှိလျှင် တစ်နိုင်ငံတစ်မဲသာပေးရမည်။ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံများက လေးစားရမည်။ တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်မစွက်ရ၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေကို ကျူးကျော်တိုက်ခိုက်ခြင်းမပြုရဟုလည်း ကုလသမဂ္ဂရည်ရွယ်ချက် အခြေခံမူများနှင့် ပဋိညာဉ်စာချုပ်ကြီးတွင် အတိအလင်းဖော်ပြပြဋ္ဌာန်းထားခဲ့သည်။**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ဒုတိယကမ္ဘာစစ်ပွဲအတွင်း ကမ္ဘာ့လူသားသန်း ၇၀ သေဆုံးပြီး နိုင်ငံတိုင်းလိုလိုမှာပင် စစ်မြေပြင်စစ်တလင်းဖြစ်ကာ နိုင်ငံ မြို့ရွာများ ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ကြောင့် တတိယကမ္ဘာစစ်ဖြစ်မလာအောင် ကမ္ဘာ့နိုင်ငံအားလုံးက ဝိုင်းဝန်းတားဆီးရေး၊ ကမ္ဘာကြီးစစ်မက်ကင်းဝေးစွာ ငြိမ်းချမ်းသာယာရေး၊ နိုင်ငံအားလုံး၊ လူသားအားလုံးလွတ်လပ်ရေး၊ နိုင်ငံများအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ရည်ရွယ်ဖွဲ့စည်းခဲ့သည်။ ဖက်ဆစ်ဝါဒနှင့် ဖက်ဆစ်ဝါဒီများ ပြန်လည်ခေါင်းထောင်မလာရေးကိုလည်း နိုင်ငံအားလုံးဝိုင်းဝန်းကြိုးပမ်းကြရန် ရည်ရွယ်ခဲ့သည်။ နိုင်ငံများကို အင်အားသုံးကျူးကျော်သိမ်းပိုက်ကျွန်ပြု သွေးစုပ်သော နယ်ချဲ့စနစ်ကိုလည်း ကုလသမဂ္ဂအဖွဲ့ဝင် ဆန္ဒမဲအများစု၏ မဲပေးဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

**“ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်တိုင်း လိုက်နာရမည့် ပဋိညာဉ်သည် နိုင်ငံတကာစာချုပ်ကြီးပင်ဖြစ်သည်။ ယင်းပဋိညာဉ် အပိုဒ်(၂)တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည်ပင်လျှင် အဖွဲ့ဝင်နိုင်ငံတို့၏ ပြည်တွင်းစီရင်ပိုင်ခွင့်ကျရောက်သော အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခွင့်မပြု။ အဖွဲ့ဝင်နိုင်ငံအားလုံးတွင်ပင်လျှင် သူတစ်ပါးပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရဟု ပြဋ္ဌာန်းထားသည်။ ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံအားလုံး ကြီးကြီးငယ်ငယ်အားလုံး တန်းတူမဲပေးစရာရှိလျှင် တစ်နိုင်ငံတစ်မဲသာပေးရမည်။ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံများက လေးစားရမည်။ တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်မစွက်ရ၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေကို ကျူးကျော်တိုက်ခိုက်ခြင်းမပြုရဟုလည်း ကုလသမဂ္ဂရည်ရွယ်ချက် အခြေခံမူများနှင့် ပဋိညာဉ်စာချုပ်ကြီးတွင် အတိအလင်းဖော်ပြပြဋ္ဌာန်းထား”**

၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Human Right Declaration) ကို ရေးဆွဲပြဋ္ဌာန်းကာ အဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာပါမည်ဟု ကတိပြုခံဝန်လက်မှတ် ရေးထိုးစေခဲ့သည်။ ထိုစဉ်က နှစ်စဉ် ကုလသမဂ္ဂတွင် ကျင်းပသော လူ့အခွင့်အရေးညီလာခံ ကျင်းပခဲ့ရာတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများစု(အထူးသဖြင့် နယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးပြန်လည်တိုက်ယူခဲ့သည့် အာရှ၊ အာဖရိကနိုင်ငံများ)က အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်အပါအဝင် ဥရောပအရင်းရှင်(နယ်ချဲ့)နိုင်ငံကြီးများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို အချက်အလက်အထောက်အထားများဖြင့် တင်ပြဝေဖန်ခဲ့သည်။ ထိုအခါ ပြစ်တင်ဝေဖန်ခံ အရင်းရှင်အင်အားကြီးနိုင်ငံများက လူ့အခွင့်အရေးဆိုသော အသံကိုပင် မကြားချင်ခဲ့ကြပေ။ နောက်ပိုင်း ထိုအင်အားကြီး(နယ်ချဲ့)နိုင်ငံတို့သည် ကောက်ကျစ်ပါးနပ်စွာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို အပိုင်စီးခြယ်လှယ်လာကြသည်။ သူခိုးက လူ...လူ ဟုဟစ်သော စကားပုံကဲ့သို့ ထိုနိုင်ငံကြီးများက နည်းမျိုးစုံဖြင့် အဖွဲ့ဝင်နိုင်ငံ မဲအများစုအရယူကာ သူတို့ဩဇာမခံသောနိုင်ငံများ၊ သူတို့မလိုလားသော နိုင်ငံများကို လူ့အခွင့်အရေးချိုးဖောက်သည်ဟု လုပ်ကြံစွပ်စွဲလာတော့သည်။

**စာရင်းဇယားများ ပြန်လည်စွပ်စွဲ**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများတွင် နိုင်ငံရေးကျွမ်းကျင်သူအဖြစ် ကျော်ကြားခဲ့သော ဟင်နရီကစ်ဆင်းဂျားက ကမ္ဘာ့နိုင်ငံများသို့သွားရောက်ဖွင့်လှစ်သော အမေရိကန်သံရုံးများမှ သံအမတ်များ၊ သံတမန်အရေခြုံ စီအိုင်အေထောက်လှမ်းရေးသမားများထံသို့ ညွှန်ကြားချက်ထုတ်ကာ မိမိတို့ရောက်ရာနိုင်ငံမှ အစိုးရများ လူ့အခွင့်အရေးချိုးဖောက်နေကြောင်း အစီရင်ခံစာများ ရေးပို့ရမည်။ (အမှန်တကယ် မချိုးဖောက်သည့်တိုင် ချိုးဖောက်သည်ဟု မဖြစ်မနေ အစီရင်ခံရမည်ဟူသောသဘောဖြင့် အမိန့်ပေးညွှန်ကြားခဲ့သည်။) ထိုအချိန်မှစ၍ အမေရိကန်မလိုလားသောနိုင်ငံတို့ လူ့အခွင့်အရေး ချိုးဖောက်သည်ဟူ၍ အမေရိကန်နှင့် အပေါင်းအပါများက မြိန်ရေယှက်ရေ စွပ်စွဲပုတ်ခတ်သော အစီရင်ခံစာများ နှစ်စဉ်ထုတ်ပြန်တော့သည်။ ထိုအုပ်စုကပင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ နှစ်ပတ်လည်

အစည်းအဝေးများကပါ အလားတူ စွပ်စွဲပုတ်ခတ်ထိုးနှက်လာသည်။ စွပ်စွဲခံနိုင်ငံများကလည်း ဆတ်ဆတ်ထိမခံ ခုခံချေပကြသည်။ ထိုစွပ်စွဲချက်များကို လက်မခံပယ်ချကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကဆိုလျှင် အမေရိကန်နှင့် အပေါင်းအပါ (အနောက်အုပ်စု)၏ လူ့အခွင့်အရေး စွပ်စွဲချက်များကို ဆတ်ဆတ်ထိမခံ ပယ်ချသည့်အပြင် အမေရိကန်ပြည်ထောင်စု၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကိုပါ အထောက်အထား အချက်အလက် စာရင်းဇယားခတ်ပုံများဖြင့် ပြန်လည်စွပ်စွဲ ထိုးနှက်ကြေညာထုတ်ပြန်လေ့ရှိသည်။

ယနေ့ ကုလသမဂ္ဂအဖွဲ့ကြီးသည် အဖွဲ့ကြီး၏ အသုံးစရိတ် ဝန်ထမ်းကြီးငယ် (ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လစာအပါအဝင်) လစာများ အသုံးစရိတ်၊ ခရီးစရိတ်များ ထောက်ပံ့မှုအများဆုံး အမေရိကန်နှင့် ရေနံဝင်ငွေကောင်းရနေသည့်နိုင်ငံများ ကြီးစိုးသည့် OIC ခေါ် အစ္စလာမ္မစ်ဘာသာ ကိုးကွယ်သောနိုင်ငံ ၅၇ နိုင်ငံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တို့၏ မျက်နှာကိုထောက်၍ ထိုအုပ်စုနှစ်ခုဆန္ဒနှင့်အညီ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို ချိုးဖောက်၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ အခြေခံမူအစစ်များကို မျက်ကွယ်ပြုပြီး ထိုကုလသမဂ္ဂအဖွဲ့ကြီး၏ ပစ္စည်းလေးပါးဒါယကာ အုပ်စုနှစ်ခုဘက်မှ တစ်ဖက်သတ် ဘက်လိုက်ပြောဆို ဆုံးဖြတ်လာကာ ဆောင်ရွက်ပေးနေရသည်ကို ကမ္ဘာက စိတ်မချမ်းသာစွာ တွေ့နေရပေသည်။

အထက်တွင် တင်ပြခဲ့သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်တို့ကို ငါးဖယ်ကလည်း ပြောင်းပြန်ဆိုသကဲ့သို့ ဇောက်ထိုးပြောင်းပြန်လုပ်ပြီး ကမ္ဘာ့နိုင်ငံများကို ထိုးနှက်နှောင့်ယှက်နေကြသည့် လူ့အခွင့်အရေးအမည်ခံ မလိုတမာ စွပ်စွဲပုတ်ခတ်ထိုးနှက်နေမှုများကြောင့် မနီလာသို့ အာဆီယံပဋိညာဉ်ရေးဆွဲရေး၌ လူမှုရေးအရ အကြံပြုရမည့်ခရီးစဉ်တွင် ကျွန်တော်သည် လူ့အခွင့်အရေးနှင့် ပတ်သက်သော စာအုပ်များ၊ စာရွက်စာတမ်းများ သတင်းစာဖြတ်ပိုင်းများ တစ်ထမ်းတစ်ပိုးသယ်သွားခဲ့သည်။ မနီလာအကြံပေးအစည်းအဝေးတွင် လူ့အခွင့်အရေးအကြောင်း ပြောရဆိုရပါက အထောက်အထားများပြ၍ တင်ပြတော့မည်ဟု အားခဲခဲ့ပါသည်။

**အငြင်းပွားဝိဝါဒ**

မနီလာအကြံပြုရေးစုံညီအစည်းအဝေးဖွင့်လှစ်ရာ၌ ပြောကြားသော အာဆီယံပဋိညာဉ်စာချုပ် ရေးဆွဲရေးအဖွဲ့ဥက္ကဋ္ဌက “ရှင်တို့အာဆီယံပဋိညာဉ်မှာ ပါသင့်ပါထိုက်တဲ့ လူမှုရေးရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်က ရှင်တို့ပြည်သူများ ဆန္ဒအညီတင်ပြကြပါ။ ခုတလော လူပြောများပြီး ဟိုဘက်သည်ဘက် အငြင်းပွားဝိဝါဒ ကွဲပြားနေတဲ့ လူ့အခွင့်အရေးအကြောင်းတော့ ပြောစရာမလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုကျွန်မတို့ ရေးဆွဲအတည်ပြုတော့မယ့် အာဆီယံပဋိညာဉ်မှာ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ ကျွန်မတို့ လုံးဝထည့်မထားပါဘူး။ ဒါကြောင့် ကျန်တာဆွေးနွေးကြပါ”ဟု ပြောကြား၍ ကျွန်တော်သယ်သွားသော လူ့အခွင့်အရေးအကြောင်း စာအုပ်စာတမ်းများကို မနီလာရှိ မြန်မာသံရုံးသို့ ပေးလှူခဲ့ပါသည်။ ကျွန်တော်ဆွေးနွေးရမည့် အလှည့်တွင် အောက်ပါအတိုင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ☆

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမြင့်ကြိုင်၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာဌေးအောင်၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးစန်းလွင်၊ ဦးမြင့်စိုး၊ ဦးမျိုးလှိုင်နှင့် ဦးဇော်အေးမောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**အနိုင်ရရှိ**

နံနက်ပိုင်းတွင် ဂျူဒိုပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး)အသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး (အမျိုးသား) တတိယလုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက လေးပွဲ သုံးပွဲဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက လေးပွဲ သုံးပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး)တတိယလုပွဲ ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက လေးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ငါးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပရာ (အမျိုးသား) အသင်းလိုက် ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ကချင်ပြည်နယ်အသင်းက ငါးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး)အသင်းလိုက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက ငါးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ (အမျိုးသား) အသင်းလိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယ ဆုရရှိသည့် ကချင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း၊ (အမျိုးသမီး)အသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသား(-၇၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က လည်းကောင်း၊ အမျိုးသား(-၈၁)ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (-၉၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ အမျိုးသား(+၉၀) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး(-၆၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက လည်းကောင်း၊ အမျိုးသမီး(-၇၀)ကီလိုတန်းနှင့်(+၇၀) ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းလွင်က လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြိုင်ပွဲတွင်(အမျိုးသား)အကောင်းဆုံးဆုနှင့်(အမျိုးသမီး) အကောင်းဆုံးဆုရရှိသည့် မောင်ဖြိုးသက်ဇော်(ကချင်)နှင့် မတင်ဇာမြင့်(ကချင်) တို့ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က Trophy နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ ရွှေလေးခု၊ ငွေငါးခုဖြင့် အမျိုးသား တံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ ရွှေခုနစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် အမျိုးသမီး တံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လည်းကောင်း၊ ရွှေ ၁၁ ခု၊ ငွေခုနစ်ခု၊ ကြေးနှစ်ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လည်းကောင်း တံခွန်စိုက်ဆုများအားပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက တံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ထပ်မံဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ်-၃၈ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ယခုသင်တန်းကို ဝန်ထမ်းများ၏ စစ်ဆေးရေးစွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ စာရင်းစစ်မှူးများသည် တာဝန်ထမ်းဆောင်ရသည့် ရုံးဌာနပေါ်မူတည်၍ စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးအဖြစ်သာမက အဖွဲ့ခေါင်းဆောင်အဖြစ်ပါ တာဝန်ယူဆောင်ရွက်ရသူများဖြစ်ရာ မိမိတို့ရုံး၏ ပြုပြင်ပြောင်းလဲတိုးတက်မှုများနှင့် စာရင်းစစ်ဆေးခြင်းပညာရပ်ဆိုင်ရာ ပြုပြင်ပြောင်းလဲတိုးတက်မှုများကို သိရှိလိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

စာရင်းစစ်များသည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပိုမိုအားကောင်းခိုင်မာစေရန်အတွက် အခွန်ရငွေများ ပြည့်ပြည့်ဝဝရရှိစေရန်နှင့် အသုံးစရိတ်များသုံးစွဲရာတွင် ပြည်သူများအတွက် အမှန်တကယ်ထိရောက် အကျိုးရှိစေရန် စစ်ဆေးခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားကာကွယ်စောင့်ရှောက် ထိန်းကျောင်းပေးကြရသူများ ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းတွင် သင်ကြားသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းတွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်သည်အထိ လေ့လာသင်ယူ၍ မိမိဌာနနှင့် နိုင်ငံတော်၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က အခမ်းအနားသို့ တက်ရောက်လာသည့် သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



ယခုဖွင့်လှစ်သည့်သင်တန်းကို ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၈ ရက်အထိ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ရုံးချုပ်မှ နှစ်ဦး၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ နှစ်ဦး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံး အသီးသီးမှ ၁၀၇ ဦး စုစုပေါင်း သင်တန်းသား ၁၁၁ ဦး တက်ရောက်ကြမည်ဖြစ်ကာ ISSAI Based Financial Audit၊ ISSAI Based Performance Audit၊ ISSAI Based Compliance Audit အပါအဝင် ဘာသာရပ်ခြောက်ခုနှင့် Role Play ပုံစံဖြင့် လက်တွေ့ဆောင်ရွက်မှုများကိုပါ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

"အာဆီယံအသင်းဟာ အခုဆိုလျှင် တားဆီးနှောင့်ယှက်ဟန့်တားနေကြတဲ့ကြားထဲကပဲ အရှေ့တောင်အာရှဒေသတွင်း ၁၀ နိုင်ငံလုံး ပါဝင်တဲ့အတွက် တင်းပြည့်အဖွဲ့ကြီးဖြစ်လာပါပြီ။ ဒီအဖွဲ့ကြီးထဲမှာ လူမျိုးရေးကွဲပြားမှု၊ အသားအရောင် ဘာသာစကားကိုးကွယ်ရာ ယဉ်ကျေးမှုမတူ ကွဲပြားတဲ့နိုင်ငံတွေ ပါဝင်နေပါတယ်။ ဒါပေမဲ့ အဲဒီနိုင်ငံ ၁၀ နိုင်ငံလုံးဟာ အရှေ့တောင်အာရှဒေသမှာ ရှေးပဝေသဏီကတည်းက ရှိနေတဲ့နိုင်ငံတွေဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးမှာ ဘာတွေမတူတူ ဘာတွေကွဲပြားကွဲပြား အရှေ့တောင်အာရှသားတွေ အဖြစ်တူညီစွာ ဖြစ်တည်နေပါတယ်။ ဒါကြောင့် ဒေသတွင်းလူဦးရေ သန်း ၅၀၀ ကျော် ကိုယ်စားပြုပြီး ဒေသကြီးငြိမ်းချမ်းသာယာဝပြောရေး လက်တွဲလုပ်ကိုင်ကြဖို့ ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ဟာ ဒီအာရှဒေသမှာဖြစ်ထွန်းနေပါပြီ။ အကောင်းဆုံးနိုင်ငံရေးငါးပါးသီလ လူမှုရေးပဥ္စသီလပါပဲ"

**သက်တမ်း (၃၅)နှစ်ပြည့် အာဆီယံကြီး ကျန်းမာပါစေ**

မြန်မာကိုယ်စားလှယ်များသည် မိမိတို့တာဝန်ကျရာကဏ္ဍများတွင် တက်ကြွစွာပါဝင်ကြပြီး အာဆီယံစည်းလုံးရေး၊ ညီညွတ်ရေးအာဆီယံအောင်မြင်ရေးကို ဆွေးနွေးနိုင်ခဲ့ကြပါသည်။ ထိုစဉ်ကတည်းက အနောက်အုပ်စု အထူးသဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံကို ချုပ်ကိုင်လွှမ်းမိုးဩဇာပေးရန် ကြိုးပမ်းခဲ့ကြပါသည်။ ထိုစဉ်က ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့ကလည်း အာဆီယံ၏တည့်မတ်သော လမ်းကြောင်းပေါ်သို့သာ လျှောက်လှမ်းခဲ့ပါသည်။ မလေးရှားမှ ဝန်ကြီးချုပ် ဒေါက်တာမဟာသီယာမိုဟာမက်သည် အမေရိကန်တို့ကြားဝင်စွက်ဖက်မှုများကို ပြတ်ပြတ်သားသား လက်တုံ့ပြန်ခဲ့ပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင်း အော်ဘ်ရိုက်က ဒေါက်တာမဟာသီယာအား "ရှင်ပါးစပ်ပိတ်ထား"ဟုပင် အော်ဟစ်ရုက်ရမ်း ရမ်းခဲ့ရပါသည်။ ယခုအခါမှာတော့ သိသည့်အတိုင်း အာဆီယံကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အခါခါလာရောက်ဩဇာပေးနေပေသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများစွာကလည်း OIC မျက်နှာကြည့်ရ၊ အနောက်အုပ်စုမျက်နှာကြည့်ရနှင့် အာဆီယံပဋိညာဉ်စာချုပ်ကိုပင် ဆန့်ကျင်ချိုးဖောက်နေသည်ကို စိတ်မကောင်းစွာမြင်ရကြားသိနေရသည်။ သက်တမ်း(၃၅)နှစ်ပြည့် အာဆီယံကြီး ကျန်းမာပါစေ၊ လမ်းသာပါစေ၊ လမ်းဖြောင့်ပါစေ၊ တိုးတက်ပါစေ။ ။

# ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပင်စင်များချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို သယ်ပိုးထမ်းဆောင်ကြရသည့် လုပ်ငန်းတာဝန်နှင့်လျော်ညီသော ချီးမြှင့်ငွေနှင့် စရိတ်များကို ဥပဒေနှင့်အညီ ချီးမြှင့်ပေးလျက်ရှိသည်။

အဆိုပါပုဂ္ဂိုလ်များသည် သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက ဥပဒေအရရရှိသည့် လစဉ်ချီးမြှင့်ငွေကိုအခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။ ထို့ကြောင့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံရေးရာထူးရရှိခဲ့သူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအတွက် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ပြုနိုင်ရန် တင်ပြလျှောက်ထားလာမှုများအား သက်ဆိုင်ရာဌာနများနှင့် လွှတ်တော်ရုံးများက လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာမှုအပေါ် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် နိုင်ငံရေးရာထူးရရှိခဲ့သူ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ကိုးဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ် ၅၀၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅၂ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၈၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၉၂ ဦး စုစုပေါင်း ၄၉၁ ဦးအား တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်များကို ခံစားခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထိုသို့ချီးမြှင့်ခဲ့သည့် နိုင်ငံရေးရာထူးရရှိခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၄၉၁ ဦးမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီမှ ငါးဦး၊
(ခ) တအာင်း(ပလောင်)အမျိုးသားပါတီမှ ခြောက်ဦး၊
(ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၉၈ ဦး၊
(ဃ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၁၇ ဦး၊
(င) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၄၃ ဦး၊
(စ) လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ သုံးဦး၊
(ဆ) ရခိုင်အမျိုးသားပါတီမှ ၃၉ ဦး၊
(ဇ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီနှင့် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ လေးဦးစီဖြင့် စုစုပေါင်းရှစ်ဦး၊
(ဈ) မွန်အမျိုးသားပါတီနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီတို့မှ နှစ်ဦးစီဖြင့် စုစုပေါင်းလေးဦး၊
(ည) ဒီမိုကရေစီပါတီသစ်(ကချင်)၊ ကရင်ပြည်သူ့ပါတီ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဒီမိုကရက်တစ်ပါတီမြန်မာ၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ တစ်ဦးစီဖြင့် စုစုပေါင်း ၁၂ ဦး၊
(ဋ) နိုင်ငံရေးပါတီဝင်မဟုတ်သူ ၄၃ ဦး၊
(ဌ) တစ်သီးပုဂ္ဂလ ၁၃ ဦး။

၎င်းတို့အား တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ခဲ့ရာ ယနေ့ထိ ငွေကျပ်သန်းပေါင်း ၄၀၄၀ သန်းကျော် ခံစားခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဆိပ်ခံဇောတံတား တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၆**

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ဆိပ်ခံဇောတံတား တည်ဆောက်ရန်အတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ လာရောက်အပန်းဖြေကြသည့် ပြည်သူများ၊ ပြည်တွင်းပြည်ပခရီးသွားများ ရေလမ်းခရီးဖြင့် လာရောက်လည်ပတ်နိုင်ရေးအတွက် ယခုဆိပ်ခံဇောတံတားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း တစ်နေရာတည်းတွင် လေ့လာနိုင်သည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ကုန်းလမ်း၊ ရေလမ်းစသည့် လမ်းနှစ်သွယ်ဖြင့် သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ဆိပ်ခံဇောတံတားတည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် အရည်အသွေးကောင်းမွန်စေရေး၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ဆွေးနွေးတင်ပြပြီး တင်ဒါအောင်မြင်ခဲ့သည့် Regal Strength Co.,Ltd. မှ တာဝန်ရှိသူက မြေပြင်တွင် ဆိပ်ခံဇောတံတား တည်ဆောက်ရန်အတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆိပ်ခံဇောတံတား တည်ဆောက်မည့်နေရာသို့ မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့်ပညာတက္ကသိုလ်များ တက်ရောက်ရာတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသို့ ကျောင်းသား ကျောင်းသူများ ပိုမိုတက်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်

**တောင်ကြီး ဩဂုတ် ၁၆**

ပြည်ထောင်စု(၆)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်အပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရှမ်းပြည်နယ် (၆)လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အလေးထားဆောင်ရွက်**

ထပ်ဆင့်ရှင်းလင်းခြင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်မှာကြားချက်များနှင့်အညီ ရှမ်းပြည်နယ်အတွင်း လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် စွမ်းစွမ်းတမံဆောင်ရွက်လာခဲ့ရာ ရှမ်းပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ပြည်ပတင်သွင်းမှုများကိုလည်း လျှော့ချနိုင်ရေးနှင့် ပြည်တွင်းဆီဖူလုံမှုရှိရေးအတွက် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် အထွက်နှုန်းမှန်မှန်ကန်ကန်ဖြစ်အောင် အလေးထားဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထားဆောင်ရွက်ကြရန်၊ မွေးမြူရေးနှင့် ပတ်သက်၍ အသားစားကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများသည် အချိန်တိုအတွင်း ငွေပြန်ပေါ်နိုင်သည့် လုပ်ငန်းများဖြစ်သည့်အတွက် မတည်အရင်းအနှီးများ ကူညီထောက်ပံ့ပေးသွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံမျိုးကွဲ များပြားသည့်အတွက် မျိုးကွဲများနည်းပါးစေရေးနှင့် အမျိုးတူမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် စာရင်းများ မှန်ကန်စွာ ကောက်ယူနိုင်ရေး အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆင့်မြင့်ပညာတက္ကသိုလ်များ တက်ရောက်ရာတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသို့ ကျောင်းသား ကျောင်းသူများ ပိုမိုတက်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ် တတ်မြောက်ရေးကို သင်ကြားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးသည် အရေးကြီးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပြည့်ဝစွာထိုးနှံနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ကြိုတင်မှန်းဆ၍ မရနိုင်သောကြောင့် အချိန်မရွေးဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုကြောင်း၊ ဒေသအလိုက် လျှပ်စစ်ထုတ်လုပ်နိုင်သည့် လုပ်ငန်းများ၊ စီမံကိန်းများ ဆောင်ရွက်သွားကြရန်နှင့် လျှပ်စစ်ဓာတ်အားရရှိပါက ဒေသခံများ လူမှုစီးပွားဘဝ အထိုက်အလျောက် တိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကမှာလိုသည်မှာ လုံခြုံရေးကဏ္ဍဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း မြို့နယ် ၅၅ မြို့နယ်မှ ဝင်မရသည့် ငါးမြို့နယ်ကိုဖယ်၍ ကျန်သည့် မြို့နယ် ၅၀ အနက် ရှမ်း(တောင်)တွင် ပင်းတယ၊ ရွာငံ၊ ဖယ်ခုံ၊ ရှမ်း(မြောက်)တွင် မူဆယ်၊ နမ့်ခမ်း၊ မိုးမိတ်၊ မဘိမ်းမြို့နယ်တို့သည် အကြမ်းဖက်သမားများ နှောင့်ယှက်နေမှုကို ခံနေရကြောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ အနေဖြင့် မိမိတို့၏ဒေသ၊ ခရိုင်၊ မြို့နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် လုံခြုံရေးအစီအမံများရေးဆွဲကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန် ၎င်းကပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ (၆)လပတ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်ဆောင်ရွက်နိုင်မှု အခြေအနေများအား ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်မြောက်ပိုင်းခရိုင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၆**

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ငွေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးစီးကော်မတီဥက္ကဋ္ဌ ဦးငွေးအောင်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုများ ချီးမြှင့်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးငွေးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးငွေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် အကဲဖြတ်ပညာရှင် ဦးသန်းထွန်းလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။



ယင်းနောက် တေးသံရှင် ရွှေယမင်းဦးက သီရိရတနာတေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကိုလည်းကောင်း၊ နိုင်ငံတော်ရွှေတံဆိပ်(၁၉)ဆုရှင် ရုပ်သေးပညာရှင် ဒေါ်မေသူဝင်းနှင့် နိုင်ငံတော်ရွှေတံဆိပ်ငါးဆုရှင် ဦးအောင်သန်းဝင်းတို့က ရုပ်သေးအကဖျော်ဖြေမှုကို လည်းကောင်း၊ တေးရေး မျိုးမင်းမြင့်မြင့် ရေးစပ်သီကုံးသော မြောက်ပိုင်းခရိုင်ကိုယ်စားပြု တေးသီချင်းကို မဟာရန်ကုန် ပြည်ချစ်မယ် ပေါက်ကျော်မနှင့်အဖွဲ့က မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် တီးခတ်သီဆိုဖျော်ဖြေမှုကိုလည်းကောင်း၊ မှော်ဘီမြို့နယ် ပြိုင်ပွဲဝင်ဝါသနာရှင် ဒိုးပတ်အဖွဲ့၏ တီးခတ်ဖျော်ဖြေမှုတို့ကိုလည်းကောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

**ယှဉ်ပြိုင်**

ထို့နောက် အဆိုပြိုင်ပွဲတွင် မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်၊ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး အမျိုးအစား သုံးမျိုး၊ အကပြိုင်ပွဲတွင် ရုပ်သေးအက၊ လူအက၊ ကွက်စိပ်အက သုံးမျိုး၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတွင် နှဲ၊ ပလွေ၊ ဂီတာ၊ ဆိုင်းတစ်ဦးချင်း၊ ဆိုင်း အဖွဲ့လိုက်၊ ပတ္တလား၊ မယ်ဒလင်၊ စန္ဒရား၊ အိုးစည်၊ ဒိုးပတ်၊ စောင်းအမျိုးအစားတို့ဖြင့် ပြိုင်ပွဲအမျိုးအစား ၁၈ မျိုးကို သတ်မှတ်နေရာ သုံးနေရာတို့တွင် ယှဉ်ပြိုင်ကြသည်။

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် အဆိုပါ မြို့နယ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဝါသနာရှင်ပထမတန်း၊ ဝါသနာရှင်ဒုတိယတန်းနှင့် ကဏ္ဍအလိုက် ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုနှင့် တံခွန်စိုက်ဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများက ဆုများချီးမြှင့်ကြပြီး ဆုရရှိသူများ၏ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မြို့နယ်ကိုးမြို့နယ်တွင် ဆုအများဆုံးရရှိခဲ့သော အင်းစိန်မြို့နယ်အား တံခွန်စိုက်ဆုကို ချီးမြှင့်ပေးအပ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ဝါသနာရှင်ပထမတန်း ပြိုင်ပွဲဝင် ၁၉ ဦး၊ ဝါသနာရှင်ဒုတိယတန်း ပြိုင်ပွဲဝင် ၅၉ ဦးတို့တွင် အဆိုပြိုင်ပွဲ၌ ၂၃ ဦး၊ အကပြိုင်ပွဲ၌ ခုနစ်ဦး၊ အရေးပြိုင်ပွဲ၌ သုံးဦးနှင့် အတီးပြိုင်ပွဲ၌ ၄၅ ဦး စုစုပေါင်း ၇၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုအမျိုးအစား ၄၅ ဆု ချီးမြှင့်ခဲ့သည်။

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် ပြိုင်ပွဲတွင် ဆုရရှိသူများသည် တိုင်းဒေသကြီးအဆင့်နှင့် ဗဟိုအဆင့်တို့တွင် ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ **"အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေးလုပ်ငန်းကော်မတီ"** အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းဆွေးနွေးပေးစေလို**

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ပထမငါးနှစ်စီမံကိန်း (၂၀၁၉-၂၀၂၃) သည် မကြာခင် ပြီးဆုံးတော့မည် ဖြစ်သည့်အတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သင်တန်းကျောင်း အခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲရေးစနစ် ထူထောင်၍ ရပ်ရွာအတွင်းရှိ ပြစ်မှုနှင့် ငြိစွန်းသည့် ကလေးသူငယ်ဖြစ်ရပ်များ၊ ပြစ်မှုနှင့် ငြိစွန်းခြင်းမရှိသည့် ကလေးသူငယ် ဖြစ်ရပ်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကလေးအလုပ်သမား ပြဿနာသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံ အနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းကြောင့်လည်း စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ၏ နောက်ဆက်တွဲ အခြေအနေများအရ ကလေးများမှာ ပညာရေးနှင့် အလှမ်းဝေးသည့် အနေအထားသို့ ရောက်ရှိ၍ ကလေးအလုပ်သမားများအဖြစ်သို့ ရောက်ရှိကြသည်ကိုလည်း သုံးသပ်တွေ့ရှိရပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ကလေးသူငယ်များအတွက် ဝိုင်းဝန်း ဆွေးနွေးပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။





ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က **"အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေးလုပ်ငန်းကော်မတီ"**၏ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ကလေးအလုပ်သမားများနှင့် စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်သာသော ဈေးနှုန်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများ ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အစီအစဉ်ဖြင့် စားသုံးဆီတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ ၁၈ ခုက ဇူလိုင် ၁၇ ရက်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဈေးကားများဖြင့် ဆီစားသုံးသူပြည်သူများ လက်ဝယ်အရောက် သက်သာသောဈေးနှုန်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

စားသုံးဆီ တင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ ၁၈ ခုသည် ဈေးကား ၆၅ စီးဖြင့် တစ်ရက်လျှင် ရည်ညွှန်းဈေးနှုန်းကို အခြေခံကာ ဆီပိသာချိန်ပေါင်း ၄၀၀၀၀ ကျော်ခန့်ကို နေ့စဉ် စားသုံးသူပြည်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးခဲ့ရာ ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆီစားသုံးသူ ပြည်သူများထံသို့ စားသုံးဆီပိသာချိန်ပေါင်း ရှစ်သိန်းကျော်အထိ ဖြန့်ဖြူးရောင်းချပေးခဲ့သည့်အပြင် ဆီစားသုံးသူ ပြည်သူများထံသို့ ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်သည်။



ယနေ့ နံနက်ပိုင်းမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင်လည်း စားသုံးဆီများအား ဈေးကားများဖြင့် တစ်ပိသာလျှင် ငွေကျပ် ၄၃၀၀ ဖြင့် ရောင်းချပေးလျက်ရှိရာ ပြည်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုကြပ်မတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အချိုးကျကိုယ်စားပြုစနစ်(PR )နှင့် မြန်မာနိုင်ငံ

**မောင်ကောင်းဆု**



## ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲစနစ်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သမ္မတရွေးကောက်ပွဲများ၊ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ၊ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများ ကျင်းပရာ၌ မိမိကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ၊ နိုင်ငံသမိုင်းကြောင်းအခြေအနေတို့အပေါ်မူတည်၍ ရွေးကောက်ပွဲစနစ်အမျိုးမျိုးကို ရွေးချယ်အသုံးပြုကြသည်။ ရွေးကောက်ပွဲစနစ်တစ်မျိုးတည်းသာ အသုံးပြုခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ်တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပူးတွဲကျင့်သုံးခြင်း၊ ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်ကို ပြန်လည်သုံးသပ်၍ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးခြင်းတို့အပြင် မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ရွေးကောက်ပွဲစနစ်သစ်တစ်ခု တီထွင်အသုံးပြုခြင်းများလည်း ရှိကြသည်။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ပါလီမန်ဒီမိုကရေစီခေတ်ရွေးကောက်ပွဲများ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် **မဲအများဆုံးရသူ အရွေးခံရသည့်စနစ် (First Past the Post – FPTP)** တစ်နည်း **နိုင်သူအကုန်ယူစနစ် (Winner takes all)** ကို ကျင့်သုံးခဲ့ကြသည်။ သို့ရာတွင် ယင်းကာလဖြစ်သည့် ၁၃-၇-၂၀၁၂ ရက်တွင် နိုင်ငံရေးပါတီ ၁၀ ပါတီပါဝင်သည့် ဒီမိုကရေစီမိတ်ဆွေပါတီများက ရွေးကောက်ပွဲစနစ်ပြုပြင်ရေးနှင့်ပတ်သက်၍ အကြံပြုချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံတင်ပြခြင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလ ၃-၆-၂၀၁၄ ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး တင်သွင်းခဲ့သည့် **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန်အဆို** အတည်ပြုအောင်မြင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်း၊ ကြုံတွေ့ခဲ့သောဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီး မိမိနိုင်ငံနှင့် ကိုက်ညီသင့်လျော်သည့် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်အသုံးပြုရန် လိုအပ်လာပါသည်။

## နိုင်ငံတကာတွင် ကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်များ

နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဆန်းစစ်မှုများအရ အောက်ပါအတိုင်း အုပ်စုသုံးစုတွေ့ရှိရသည်-

(က) ဗဟုအများစုကိုယ်စားပြုစနစ် (Plurality / Majority System)

(ခ) အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System)

(ဂ) အခြားစနစ် (Other System)

ဗဟုအများစုကိုယ်စားပြုစနစ်တွင် မဲအများဆုံးရသူ အနိုင်ရစနစ် (FPTP)၊ ၅၀ ရာခိုင်နှုန်းကျော် ထောက်ခံမဲမရ၍ မဲနှစ်ကြိမ် ပြန်ပေးရသည့် နှစ်ကျော့ပြန်စနစ် (Two Round System – TRS)၊ ကိုယ်စားလှယ်ဗဟိုပြုမဲအများစုစနစ် (Block Vote – BV)၊ ပါတီဗဟိုပြု အများစုစနစ် (Party Block Vote – PBV)၊ ကြိုက်နှစ်သက်မှု မဲအများစုစနစ် (Alternative Vote–AV) တို့ ပါဝင်သည်။

အခြားစနစ်တွင် လွှဲပြောင်း၍မရသော တစ်မဲပေးစနစ် (Single Non Transferable Vote – SNTV )၊ ကန့်သတ်မဲပေးစနစ် (Limited Vote – LV)နှင့် ဦးစားပေးမှုကို တွက်ချက်သောစနစ် (Borda Count–BC) အစရှိသည်တို့ ပါဝင်သည်။

## အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR)

အချိုးကျကိုယ်စားပြုစနစ် (PR) ဆိုသည်မှာ တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရန်အတွက် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက်ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့်စနစ်လည်းဖြစ်သည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရရှိသော ထောက်ခံဆန္ဒမဲအပေါ် မူတည်ကာ ရွေးကောက်တင်မြှောက်ခံရနိုင်သည်။ အချိုးကျကိုယ်စားပြုစနစ်ကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း သုံးမျိုးခွဲခြားနိုင်သည် –

(က) ပါတီအမည်ကို မူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (PartyList Proportional Representation System – LPR)

(ခ) ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional System – MMP)

(ဂ) လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote – STV)

ပါတီအမည်ကို မူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် (Party List – PR )တွင် စာရင်းပိတ် (Closed List )၊ စာရင်းဖွင့် (Open List) နှင့် စာရင်းလွတ် (Free List) တို့ ပါရှိသည်။ ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ်သည် သာမန်အားဖြင့် FPTP နှင့် PR ကို ရောနှောကျင့်သုံးသည့်စနစ်ဖြစ်သည်။ ယင်းစနစ်တွင် ပူးတွဲအပြိုင်စနစ် (Parallel System)နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional System )တို့ ပါဝင်ကြသည်။ Single Transferable Vote စနစ်မှာ မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်၏အဆင့်ကို သတ်မှတ်ပေးပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ဦးစားပေး၍ ဆန္ဒမဲပေးခြင်းဖြစ်သည်။ ပထမဦးစားပေး မဲဝေစုရသည့် ကိုယ်စားလှယ်လောင်းက ရွေးချယ်ခံရပြီး သတ်မှတ်အရေအတွက်ထက်ပိုသောမဲများကို ကျန်ကိုယ်စားလှယ်များထံ ဖြန့်ဝေနိုင်သောစနစ်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် မဲအများဆုံးရသူ အရွေးခံရသည့်စနစ်ကျင့်သုံးသည့်နိုင်ငံ ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးသည့်နိုင်ငံ ၁၁၁ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

## အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် မဲအများဆုံးရသူအနိုင်ရစနစ် (FPTP) ခြားနားချက်

အချိုးကျကိုယ်စားပြုစနစ် (PR)နှင့် မဲအများဆုံးရသူအနိုင်ရသည့်စနစ် (FPTP) အသီးသီးတွင် အားနည်းချက်၊ အားသာချက်အပါအဝင် ခြားနားချက်များစွာရှိသည်။ အဓိကခြားနားချက်မှာ မဲဆန္ဒရှင်ပြည်သူများက ပေးလိုက်သည့် ဆန္ဒမဲများ၏တန်ဖိုးနှင့် သက်ရောက်မှုကွာခြားခြင်းဖြစ်သည်။ FPTP စနစ်ဖြင့် ကျင်းပသည့်ရွေးကောက်ပွဲများတွင် အနိုင်ရသူရရှိသည့် ဆန္ဒမဲအရေအတွက်သည် ခိုင်လုံမဲစုစုပေါင်း၏ ထက်ဝက်အောက်ရှိသော်လည်း ယင်းကိုယ်စားလှယ်ကို ပေးလိုက်သည့် ဆန္ဒမဲများကသာ တန်ဖိုးနှင့် သက်ရောက်မှုရှိပြီး ကျန်ဆန္ဒမဲများမှာ တန်ဖိုးနှင့် သက်ရောက်မှုလုံးဝမရှိ အဟောသိကံ၊ အလဟဿဖြစ်ခြင်းဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပသည့် ရွေးကောက်ပွဲတွင်မူ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလများအပါအဝင် မဲဆန္ဒရှင်များက ပေးလိုက်သည့် ဆန္ဒမဲအရေအတွက် စုစုပေါင်းအပေါ် မိမိတို့ရရှိသည့် ဆန္ဒမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်နေရာရရှိခြင်းဖြင့် ဆန္ဒမဲအားလုံးနီးပါး၏ တန်ဖိုးနှင့် သက်ရောက်မှုရှိခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍လည်း FPTP စနစ်ဖြင့် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကို လေ့လာပါက တစ်နိုင်ငံလုံးအတိုင်းအတာအရ ရရှိသော ခိုင်လုံမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိသည့် ရာခိုင်နှုန်းအချိုးအစား ညီညွတ်မျှတမှုမရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

## အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုရလဒ်

နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခြင်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများ၌ လေးကြိမ် ဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့သည်။ ပထမနှစ်ကြိမ်ကို နေပြည်တော်တွင် ဆောင်ရွက်ခဲ့ပြီး အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးရေးကို မူအားဖြင့် သဘောတူညီခဲ့ကြသည်။ ဒုတိယနှစ်ကြိမ်ကိုမူ ရန်ကုန်မြို့တွင်ဆောင်ရွက်ခဲ့ပြီး ပါတီများ၏ စာတမ်းများ ဖတ်ကြားခြင်း၊ ရွေးကောက်ပွဲဒီဇိုင်းနှင့်စပ်လျဉ်း၍ ပါတီအစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းပြီး စာတမ်းများ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ရလဒ်အဖြစ် အောက်ပါဘုံသဘောတူညီချက်များ ရရှိခဲ့သည် –

(က) လာမည့်ရွေးကောက်ပွဲများတွင် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List–PR) စတင်ကျင့်သုံးရန်၊

(ခ) မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ရွေးကောက်ပွဲအတွေ့အကြုံနှင့် နိုင်ငံရေးယဉ်ကျေးမှု ရေချိန်မြင့်တက်လာချိန်တွင် (Open List – PR) သို့မဟုတ် အခြား PR စနစ်တစ်မျိုးမျိုးကို ပြောင်းလဲကျင့်သုံးရန်၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်များကိုပိုင်းခြား၍ ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ဆောင်ရွက်ရန်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က) ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်နှင့် ပုဒ်မ ၁၆၁ (ခ) ပါ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်အတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန်၊

(င) Closed List PR အတွက် နိုင်ငံရေးပါတီများက မိမိပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအမည်စာရင်းအား ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ ကြိုတင်တင်ပြရန်၊

(စ) မဲဆန္ဒရှင်များအနေဖြင့် မိမိမဲပေးလိုသည့်ပါတီနှင့် ၎င်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို သိရှိနိုင်ရန် ပါတီအမည်အောက်တွင် ကိုယ်စားလှယ်လောင်းအမည်နှင့် ဓာတ်ပုံဖော်ပြထားသော ဗီနိုင်း၊ ပိုစတာများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားရန်၊

(ဆ) Closed List PR စနစ်ဖြင့် မဲရေတွက်မှုနည်းလမ်းအရ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲအများဆုံးစနစ် (The Largest Remainder) ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်အလိုက် ခိုင်လုံမဲအပေါ်မူတည်၍ ကိုယ်စားလှယ်တစ်ဦးရရှိရမည့် အနိမ့်ဆုံးအခြေခံမဲ (Threshold) သတ်မှတ်ရန်၊

(ဇ) PR စနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများဖောင်းပွလာနိုင်မှုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်လည်းကောင်း၊ ညွှန်ကြားကြပ်မတ်ထိန်းကျောင်းခြင်းဖြင့် လည်းကောင်း ကန့်သတ်ရန်၊

စာမျက်နှာ ၁၁ သို့ ❂

❂ စာမျက်နှာ ၁၀ မှ

(ဈ) ပြောင်းလဲကျင့်သုံးမည့် PR စနစ်ဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင် ပြည်သူများ နားလည်သဘောပေါက်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်တို့ဖြစ်သည်။

### လွှတ်တော်သုံးရပ်အတွက် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးနိုင်မှု

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ (က) ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းတွင် **"ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"** ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က) အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းတွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၁၆၈ဦး"** ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းတွင် **"မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ"** ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းပါ ပုဒ်မ ၃၉၉ (ဂ) အရ **"မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း"** သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တာဝန်ဖြစ်ပြီး ပုဒ်မ ၄၀၂ (က) အရ **"ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ"** နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေအတွက်အတိုင်း ဖွဲ့စည်းရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ မဲဆန္ဒနယ်များ သတ်မှတ်ပြီး လွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် (PR)အသုံးပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိဘဲ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သုံးရပ်လုံးကို PR စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပရန်အတွက် ကျယ်ဝန်းသော မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ရန် လိုအပ်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ၃၃၀ ဦးထက်မပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ လူဦးရေကို အခြေခံတွက်ချက်ပါက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုယ်စားလှယ်ရရှိမှုများ ပြောင်းလဲပြီး လူဦးရေနည်းသည့်ပြည်နယ်များအတွက် ကိုယ်စားလှယ်အရေအတွက် များစွာလျော့နည်းနိုင်သဖြင့် ယခင်နည်းတူ မြို့နယ်ကိုသာ အခြေခံတွက်ချက်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ခရိုင်/ မြို့နယ်များကို လိုအပ်သလို စုစည်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပါမည်။

အလားတူ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များ လိုအပ်သလို ပိုင်းခြားသတ်မှတ်နိုင်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်သတ်မှတ်ရာတွင်မူ မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်၍ တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ဆောင်ရွက်နိုင်ပါသည်။

သို့ရာတွင် အမျိုးသားလွှတ်တော်ဖွဲ့စည်းရာတွင် ပါရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသတစ်ခုစီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဖွဲ့စည်းရာတွင်ပါရှိသော သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်ချက်နှင့်အညီ ရရှိမည့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များကိုမူ တစ်ဦးစီသာ ရွေးကောက်တင်မြှောက်ရမည်ဖြစ်သဖြင့် FPTP စနစ်ဖြင့်သာ ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

### အချိုးကျကိုယ်စားပြုစနစ် (Closed List) ဖြင့် ရွေးကောက်ပွဲကျင်းပခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်း

အချိုးကျကိုယ်စားပြုစနစ် (Closed List) ဖြင့် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို သတ်မှတ်ချက်နှင့်အညီ စိစစ်ခြင်းနှင့် ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာခြင်းများ ဆောင်ရွက်ရသည်။ PR – Closed List စနစ်သည် ပါတီကိုသာ မဲပေးရခြင်းဖြစ်၍ ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများကို အများပြည်သူ လေ့လာသိရှိနိုင်ရန်အတွက် မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်းစာရင်းကို ဗီနိုင်း၊ ပိုစတာ စသည်များဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားခွင့်ရရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီးပါက မဲဆန္ဒနယ်ပြင်ပနှင့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများ၌ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းများ ဆောင်ရွက်ပြီးနောက် ရလဒ်စာရင်းဇယားများကို မဲရုံမှူးများနှင့် ကော်မရှင်အဖွဲ့ခွဲများက သတ်မှတ်ပုံစံအတိုင်း ရေတွက်ဖြည့်သွင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရသည်။ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် PR မဲဆန္ဒနယ်များအလိုက် ရလဒ်များကို စုစည်းပြီး နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ရရှိသည့် ခိုင်လုံမဲအရေအတွက်ကို တွက်ချက်ခြင်း၊ ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက်ဖြင့် စားခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့် အခြေခံမဲ (Threshold) တွက်ချက်သတ်မှတ်ခြင်းများ ဆောင်ရွက်ရသည်။ ၎င်းနောက် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေ ပြည့်မီသည်အထိ ကြွင်းကျန်မဲအများဆုံးစနစ် (Largest Remainder Formula) ဖြင့် တွက်ချက်ခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

### အချိုးကျကိုယ်စားပြုစနစ်(PR)၏ အားသာချက်များနှင့် တိုင်းရင်းသားများအတွက် အခွင့်အလမ်းများ

အချိုးကျကိုယ်စားပြုစနစ်(PR)၏ အဓိကအားသာချက်မှာ မဲဆန္ဒရှင်ပြည်သူများကပေးသော ဆန္ဒမဲများ အဟောသိကံ၊ အလဟဿဖြစ်မှု အလွန်နည်းပါးခြင်းဖြစ်သည့်အပြင် အောက်ပါ အားသာချက်များရှိသည် –

(က) ကိုယ်စားပြုမှုကို အချိုးကျသတ်မှတ်ခြင်းဖြစ်၍ အချိုးအစားကျနသော ဥပဒေပြုလွှတ်တော်ကို ပုံဖော်နိုင်ပြီး ပါတီစုံစနစ် (Multi-party System) ကို ပေါ်လွင်အားကောင်းစေခြင်း၊

(ခ) လွှတ်တော်အတွင်း ပါတီကြီးများ၏ လက်ဝါးကြီးအုပ်မှုကို ကန့်သတ်ပေးခြင်းနှင့် ပါတီကြီးတစ်ခု၏ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း၊

(ဂ) လူနည်းစုများ၏ ဆန္ဒသဘောထားကို ဖော်ထုတ်နိုင်ပြီး ပါတီငယ်များအနေဖြင့် ပါတီကြီးများကဲ့သို့ ကိုယ်စားလှယ်နေရာရရှိနိုင်ပြီး ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း၊

(ဃ) မဲဆန္ဒနယ်အလိုက် ရွေးကောက်ခံရသော ပါတီစုံမှ ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်တစ်ခုလုံး၏ ကိုယ်စားလှယ်ဖြစ်ပြီး မဲဆန္ဒနယ်အတွင်းရှိ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုသဖြင့် ကိုယ်စားလှယ်အချင်းချင်း၊ ပါတီအချင်းချင်း ပြည်သူလူထုထောက်ခံမှု ရရှိရေး အပြိုင်ကြိုးစားစေသည့် အားသာချက်ရှိခြင်း၊

(င) စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် အသုံးပြုခြင်းဖြင့် လူပုဂ္ဂိုလ်ထက် ပါတီဦးဆောင်မှုမြင့်မားစေပြီး ပါတီများ၏ မူဝါဒလမ်းစဉ်များ ပိုမိုတည်တံ့ခိုင်မြဲစေခြင်း၊

(စ) မဲဆန္ဒရှင်များအနေဖြင့် မဲရုံများသို့ သွားရောက်မဲပေးခြင်းသည် တန်ဖိုးရှိသည်ဟူသောအမြင်နှင့် ယုံကြည်မှုမြင့်မားလာပြီး မဲပေးမှုရာခိုင်နှုန်း (Voter Turn Out) ကောင်းလာစေခြင်း၊

(ဆ) ပါတီစုံနှင့် လူတန်းစားစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် စွမ်းဆောင်ရည် မြင့်မားသော အစိုးရတစ်ရပ် ဖွဲ့စည်းဖော်ဆောင်နိုင်ခြင်းတို့ဖြစ်သည်။

အလားတူ အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးခြင်းဖြင့် တိုင်းရင်းသားပါတီများ၊ လူနည်းစုများနှင့် ပါတီငယ်များအတွက် အောက်ပါအခွင့်အလမ်းများနှင့် အားသာချက်များ ရရှိနိုင်ပါသည် –

(က) တိုင်းရင်းသားပါတီများနှင့် လူနည်းစုပါတီများအနေဖြင့် ကိုယ်စားလှယ်နေရာ ပိုမိုရရှိပြီး ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပိုမိုပါဝင်ခွင့်ရရှိခြင်း၊

(ခ) တိုင်းရင်းသားပါတီများအနေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် ပိုမိုပါဝင်ခွင့်ရရှိပြီး မိမိတိုင်းရင်းသားမျိုးနွယ်စု၏အကျိုးကို ပိုမိုဖန်တီးဖော်ဆောင်နိုင်ခြင်း၊

(ဂ) လွှတ်တော်အတွင်း ပါတီစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ စုံညီမျှတစွာ အချိုးကျကိုယ်စားပြုခွင့် ရရှိခြင်းဖြင့် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းရေး အထောက်အကူဖြစ်ခြင်းတို့ ဖြစ်ပါသည်။

### နိဂုံး

မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းနှင့် ဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီး အနာဂတ်ရွေးကောက်ပွဲများ ကျင်းပရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည့် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးခြင်းဖြင့် တစ်ပါတီကြီးစိုးမှု လျှော့ချနိုင်ပြီး ပါတီစုံစနစ် ခိုင်မာအားကောင်းခြင်း၊ တိုင်းရင်းသားလူမျိုးစုပါတီများနှင့် ပါတီငယ်များ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရပြီး မိမိဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ခြင်းမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိနိုင်ခြင်း အစရှိသည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်သည်။

**နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်**ဖြစ်ရာ ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ရွေးကောက်ပွဲများကို အကြားအလပ်မရှိ ကျင်းပနိုင်ရပါမည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်မှာ မဲဆန္ဒနယ်များ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရှိရန်ဖြစ်သည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပြီး နိုင်ငံတော်က မျှော်မှန်းသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

> **"အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးခြင်းဖြင့် တစ်ပါတီကြီးစိုးမှု လျှော့ချနိုင်ပြီး ပါတီစုံစနစ် ခိုင်မာအားကောင်းခြင်း၊ တိုင်းရင်းသားလူမျိုးစုပါတီများနှင့် ပါတီငယ်များ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရပြီး မိမိဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ခြင်းမှ တစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိနိုင်ခြင်း အစရှိသည့် အကျိုးရလဒ်များရရှိမည်"**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၆၉၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၃၃,၆၀၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၄၅၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၁၁၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၆) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသားကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၄၄) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄၀၅) ခု | (၂၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၉) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၆၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၃၃၈) ခု | (၁၁) ဦး |
| စုစုပေါင်း | (၈,၆၉၉) ခု | (၄၉) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၇၈၈၀၂၂ | ၉၀၀၃၅၄၇၂ | ၁၀၆၂၇၇၀ |
| ၂။ | အိန္ဒိယ | ၄၄၂၇၇၁၉၄ | ၄၃၆၃၈၈၄၄ | ၅၂၇၀၉၈ |
| ၃။ | ပြင်သစ် | ၃၄၂၃၄၀၀၅ | ၃၃၄၇၇၈၉၀ | ၁၅၃၁၂၉ |
| ၄။ | ဘရာဇီး | ၃၄၁၇၈၂၄၀ | ၃၃၀၃၃၃၁၇ | ၆၈၁၇၀၅ |
| ၅။ | ဂျာမနီ | ၃၁၅၉၉၀၈၅ | ၃၀၃၃၅၄၀၀ | ၁၄၅၈၃၈ |
| ၆။ | ဗြိတိန် | ၂၃၄၂၀၈၂၆ | ၂၃၀၄၀၂၉၁ | ၁၈၆၀၈၇ |
| ၇။ | အီတလီ | ၂၁၅၀၉၄၂၇ | ၂၀၄၆၈၂၅၈ | ၁၇၄၁၀၂ |
| ၈။ | တောင်ကိုရီးယား | ၂၁၅၀၂၁၆၄ | ၁၉၅၉၄၈၄၄ | ၂၅၇၁၀ |
| ၉။ | ရုရှား | ၁၈၉၃၁၁၄၀ | ၁၈၁၇၂၀၇၀ | ၃၈၃၂၃၇ |
| ၁၀။ | တူကီယဲ | ၁၆၅၂၈၀၇၀ | ၁၆၃၂၂၂၅၃ | ၁၀၀၀၅၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၇၀၄၆၂ | ၁၀၀၃၅၀၄၀ | ၄၃၁၀၀ |
| ၂။ | အင်ဒိုနီးရှား | ၆၂၉၂၂၃၁ | ၆၀၈၂၇၃၂ | ၁၅၇၂၇၇ |
| ၃။ | မလေးရှား | ၄၇၃၇၉၈၄ | ၄၆၅၉၆၈၈ | ၃၆၀၉၃ |
| ၄။ | ထိုင်း | ၄၆၂၃၅၉၆ | ၄၅၇၁၉၉၇ | ၃၁၈၉၀ |
| ၅။ | ဖိလစ်ပိုင် | ၃၈၃၈၀၆၂ | ၃၇၄၀၇၄၅ | ၆၁၁၂၇ |
| ၆။ | စင်ကာပူ | ၁၇၉၆၇၃၄ | ၁၇၁၃၄၇၉ | ၁၅၆၀ |
| ၇။ | မြန်မာ | ၆၁၄၄၅၆ | ၅၉၃၁၁၈ | ၁၉၄၃၆ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၂၅၇၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၃၀၀ | ၁၃၃၉၈၂ | ၃၀၅၆ |

## သာစည်မြို့နယ်၌ ဆေးထိုးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**သာစည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကာကွယ်ဆေးလွှမ်းခြုံနိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆေးထိုးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ယနေ့ နံနက် ၈ နာရီခွဲက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လပြည့်ပြီးနှင့်အထက်ရှိသော အသက် ၁၈ နှစ်နှင့်အထက်ရှိသူများကိုလည်းကောင်း၊ ထပ်ဆောင်းနောက်ဆုံးအကြိမ် ထိုးနှံပြီးစီးမှု ခြောက်လပြည့်ပြီးနှင့်အထက်ရှိသူများကို လည်းကောင်း ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ထိုးနှံရာတွင် သတ်မှတ်ဆေးထိုးစုရပ်များဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံ၊ မြို့မရဲစခန်း၊ မြို့နယ်ပညာရေးမှူးရုံးနှင့် ဘူတာရုံတို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ရွေ့လျားဆေးထိုးအဖွဲ့ နှစ်ဖွဲ့ဖြင့် ကျေးရွာအုပ်စုများ၌ လှည့်လည်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်



# ဖီဂျီနိုင်ငံက ယခုနှစ်အတွင်း ခရီးသည် အနည်းဆုံးငါးသိန်းအထိ ဝင်ရောက်မည်ဟု မျှော်မှန်း

**ဆူဗား ဩဂုတ် ၁၆**

ဖီဂျီနိုင်ငံသည် ယခုနှစ်အတွင်း ခရီးသည် အနည်းဆုံး ငါးသိန်းအထိဝင်ရောက်မည်ဟု မျှော်မှန်းထားကြောင်း ဖီဂျီနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ရှာဟီးအလီ၏ ဩဂုတ် ၁၆ ရက်တွင် ပြောကြားခဲ့မှုကိုကိုးကား၍ ဖီဂျီနိုင်ငံ ရုပ်သံလွှင့်ကော်ပိုရေးရှင်းက သတင်းဖော်ပြခဲ့သည်။

ယခုနှစ်ပထမခြောက်လအတွင်း ခရီးသည် ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ် ပထမခြောက်လအတွင်းက ဝင်ရောက်ခဲ့သည့် ခရီးသည်အရေအတွက်၏ထက်ဝက်ကို ကျော်လွန်သွားခဲ့ပြီဖြစ်ကြောင်းနှင့် ယခုနှစ် ဇွန်လအတွင်း ခရီးသည်ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ခရီးသည်ဝင်ရောက်မှု၏ ၇၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ်ကုန်တွင် ဖီဂျီနိုင်ငံသို့ ခရီးသည်အနည်းဆုံး ငါးသိန်းဝင်ရောက်မည်ဟု မျှော်မှန်းထားကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီအချိန်က ဝင်ရောက်ခဲ့သည့် ခရီးသည်အရေအတွက်အထိ ရှိလာမည်ဖြစ်ကြောင်း ဖီဂျီနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ရှာဟီးအလီက ပြောသည်။

လူဦးရေကိုးသိန်းဝန်းကျင်ရှိသည့် ကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်သော ဖီဂျီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီအချိန်က တစ်နှစ်လျှင် နိုင်ငံခြားသားခရီးသည် ရှစ်သိန်းကျော် ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**






# တရုတ်နိုင်ငံ ကျန်းဇုပြည်နယ်၌ မိုးခေါင်မှုများဖြစ်ပွား

**နန်ချန် ဩဂုတ် ၁၆**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းဇုပြည်နယ်တွင် ဇူလိုင် ၁၅ ရက်မှစတင်၍ မိုးခေါင်မှုကြောင့် ဒေသခံ ၁ ဒသမ ၃၈ သန်း ထိခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ယင်းပြည်နယ်အတွင်းရှိ ခရိုင် ၈၃ ခုနှင့် မြို့ပေါင်း ၁၁ မြို့တို့တွင် ပူပြင်းမှုနှင့် မိုးရေချိန်လျော့နည်းမှုကြောင့် မိုးခေါင်ရေရှားမှုအခြေအနေ မြင့်မားလာကြောင်း ပြည်နယ်ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုလျှော့ချရေးဌာနက ပြောသည်။

ထို့ပြင် သန့်ရှင်းသည့်ရေရှားပါးခြင်းများဖြစ်လာပြီး ရေရှားပါးသည့်အတွက် စိုက်ပျိုးမြေဟက်တာ ၁၄၁၁၀၀ ပျက်စီးခဲ့ကြောင်း သိရသည်။ လာမည့်တစ်ရက်အတွင်း အပူချိန် ၃၇ စင်တီဂရိတ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ပြောသည်။ ကျန်းဇုပြည်နယ်အတွင်း ရေကြီးမှုများနှင့် မိုးခေါင်ခြင်းများ လျော့ပါးစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံရေကြီးမှုနှင့် မိုးခေါင်မှုလျှော့ချရေးဌာနနှင့် အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနတို့က ပြောသည်။

တရုတ်နိုင်ငံသည် ယွမ် သန်း ၂၀၀ ကို မိုးခေါင်မှုလျော့ပါးရေးလုပ်ငန်းအား အကူအညီပေးရေးအတွက် သတ်မှတ်ထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၁၂၈ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၁၆**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၁၂၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၅၀၂၁၆၄ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၄၆၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင်တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့်သေဆုံးသူပေါင်း ၂၅၇၁၀ ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၁၃ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၁၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၁၃ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၄၄၂၆၈၃၈၁ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။




လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၁၁၁၂၅၂ ဦး ရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၇၀၉၈ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၅၀၄၀ ရှိခြင်းကြောင့် ပြန်လည် ကျန်းမာလာသူပေါင်း ၄၃၆၃၈၈၄၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၀၈၃၁၂၄၆၉၄ လုံး အသုံးပြုပြီးဖြစ်ကြောင်းနှင့် လူဦးရေသန်း ၈၈၀ ကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# ယခုနှစ်အတွင်း ခရိုအေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဝင်ငွေတိုးတက်လာ

**ဇာဂရက် ဩဂုတ် ၁၆**

ယခုနှစ်အတွင်း ခရိုအေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေသည် ယူရို ၁၁ ဒသမ ၃ ဘီလီယံရှိကြောင်း ခရိုအေးရှားသတင်းစာ The Morning Paper ၏ ပြောကြားချက်အရ သိရသည်။

ယခုခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေပမာဏသည် ၂၀၁၉ ခုနှစ်က ခရိုအေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှရရှိသည့်ဝင်ငွေ ယူရို ၁၀ ဒသမ ၅ ဘီလီယံထက်များပြားကြောင်း ၎င်းသတင်းစာမှ သိရသည်။ ယခုနှစ်ပထမသုံးလအတွင်း နိုင်ငံ၏ခရီးသွားလုပ်ငန်းမှရရှိသည့်ဝင်ငွေသည် ယူရိုသန်း ၅၀၀ ရှိခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ်အလားတူကာလကထက်နှစ်ဆများပြားကြောင်း သိရသည်။ နိုင်ငံအတွင်း ယခုနှစ်တွင် ခရီးသွားလုပ်ငန်းမှဝင်ငွေ တိုးတက်လာခြင်းဖြင့် နိုင်ငံစီးပွားရေးကို အကျိုးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ(AUG) ပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များမှ အားကစားပြိုင်ပွဲ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၆

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ (AUG) ပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် တက္ကသိုလ်၊ ဒီဂရီ၊ကောလိပ်များမှအားကစားပြိုင်ပွဲဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရတနာပုံခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ အောင်ပွဲရအားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ်များ(AUG) ပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြုအဖြစ် မန္တလေးတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဆုရရှိသူ အားကစားသမားများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။




ယင်းနောက် အောင်ပွဲရအားကစားသမားများနှင့် တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြပြီး ကျောင်းသား ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ အောင်ပွဲရအားကစားသမားများ၊ နည်းပြများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ(AUG)ပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြုအဖြစ် မန္တလေးတိုင်းဒေသကြီးရှိ တက္ကသိုလ်များမှ ဝူရှူးအားကစားနည်းတွင် နှစ်ဦး၊ ပိုက်ကျော်ခြင်းအားကစားနည်းတွင် နှစ်ဦး၊ မြားပစ်အားကစားနည်းတွင် နှစ်ဦး၊ စုစုပေါင်း ခြောက်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး(ရက်တို)သင်တန်း ခရိုင်အဆင့် ဖွင့်လှစ်

မအူပင် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၇)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပုသိမ်)က ဖွင့်လှစ်သည့် မအူပင်ခရိုင် မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ပန်းတနော် မြို့နယ်များမှ အဖွဲ့ဝင်များကို ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး(ရက်တို)သင်တန်းကို ယနေ့နံနက် ၉ နာရီက မအူပင်မြို့ ရဲရိပ်သာခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ သင်တန်းဖွင့်ပွဲတွင် မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက လူကုန်ကူးမှုတားဆီးကာကွယ်နိုင်ရေးနှင့် စိစစ်ဖော်ထုတ်နိုင်ရေးကို တာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်းဖော်ထုတ်နိုင်ရေးအတွက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်သင်ကြားရခြင်းကို ပြောကြားပြီးနောက် အမှတ်(၇)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပုသိမ်)မှ သင်တန်းနည်းပြဆရာက ရက်အလိုက်သင်ကြားမည့် ဘာသာရပ်များကို တင်ပြခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးဇော်နိုင်ဦး၊ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးလွင်နှင့် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များ၊ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များနှင့် ခရိုင်/ မြို့နယ်အဆင့်တရားရေး / ဥပဒေနှင့် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင် ၂၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပန်းတနော်မြို့နယ်တွင် ၂၀၂၂- ၂၀၂၃ ခုနှစ် မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြ

ပန်းတနော် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၏ အမှတ် (၅၇)စက်မှုလယ်ယာစခန်းမှ ၂၀၂၂- ၂၀၂၃ ခုနှစ် မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ရေလဲနဲ့ကောကျေးရွာအုပ်စု ရေလဲတောင်စုကျေးရွာ အ.ထ.က ကျောင်းမြေတွင် ယမန်နေ့ နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသန်းဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်ကျော်သက်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ မျိုးထောင်ဇရိယာအနည်းငယ်သာလိုအပ်ခြင်း၊ ပျိုးပင်များနုတ်ယူရန်မလိုအပ်ခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိရခြင်း၊ ကောက်စိုက်ရာတွင် လူအင်အားအသုံးပြုမှု နည်းပါးခြင်းနှင့် သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်းအား ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်း၊ ကြားပေါင်းလိုက်ကိရိယာများဖြင့် အလွယ်တကူ ပေါင်းရှင်းနိုင်ခြင်း စသည့်ရရှိလာမည့် အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဟေမာဇော်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဒုမြို့နယ်ပညာရေးမှူး၊ အထက(၅) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမ များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အထက(၅)ကျောင်း၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က နှာခေါင်းစည်း အထုပ် ၂၀ နှင့် လက်သန့်ဆေးရည် ၁၀ ဘူးတို့ကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ထို့နောက် သွားဆရာဝန် ဒေါက်တာကျော်ဇင်သိန်းက သွားနှင့်ခံတွင်းသန့်ရှင်းရေးအတွက် ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးတို့ကို ရှင်းလင်းဆွေးနွေး၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြပြီး သွားတိုက်နည်းသရုပ်ပြခြင်း ပြုလုပ်၍ သွားတိုက်ဆေးဘူးများ ထောက်ပံ့ပေးအပ်ကာ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျောင်းမုန့်ဈေးတန်း သန့်ရှင်းရေး ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“သေတဲ့သူကသေပြီး ဘယ်သူသေသေ ကိုယ်မာဖို့ပဲ လုပ်နေသော ငတေများ”** ခေါင်းစဉ်ဖြင့် ၁၇-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ လဝကရုံးအတွင်းသို့ PDF အကြမ်းဖက်သေနတ်သမားနှစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် ဦးစီးမှူး စိုးရိမ်ဒဏ်ရာရ၍ ဒုဦးစီး သေဆုံးခဲ့သည့်ဖြစ်စဉ်”** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သာယာဝတီမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**သာယာဝတီ ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုက အမှာစကားပြောကြားပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေကို ဆွေးနွေးခြင်း၊ လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ရပ်ကွက်၊ ကျေးရွာအတွင်းနေ ကလေးသူငယ်များအား လူကုန်ကူးမှု ကျူးလွန်ခံရခြင်း မရှိစေရေး၊ အဓမ္မလုပ်အားခိုင်းစေခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများ ဖြစ်ပွားမှု မရှိစေရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများ၊ ရပ်ရွာအခြေပြု လူကုန်ကူးခံရသူတွင် ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံခြင်းနှင့် မြို့နယ်အတွင်းရှိ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံခြင်း၊ လူကုန်ကူးမှု အမျိုးအစားများ စသည့် လူကုန်ကူးမှု ဖြစ်ပွားရခြင်း အကြောင်းရင်း၊ လူကုန်ကူးမှု ဖြစ်ပွားစေနိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးသည်။




အဆိုပါ သင်တန်းကို ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး အဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အတွင်းရှိ သင်တန်းသား ၁၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်မှ ၁၈ အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အမှားပြင်ဆင်ချက်

ဩဂုတ် ၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၅ တွင် ဖော်ပြပါရှိသည့် ကော့ကရိတ်မြို့နယ်အတွင်း KKO အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သတင်းတွင် KKO အဖွဲ့အား KKO ခွဲထွက်အဖွဲ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**



# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၁၆**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွလက်ရေတစ်ပြင်တည်း သုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဈေးရပ်ကွက်နေ ထွန်းဝင်းသည် ၎င်းအသုံးပြုသည့် “Htun Win” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက်နေ စိုးသူရ (၂၇)နှစ် (ဘ)ဦးကျော်ဝင်းသည် ၎င်းအသုံးပြုသည့် “Soe Thuya” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၄၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၀ | ၂၃၉၀ | ၂၄၁၀ | ၂၃၉၅ | ၂၃၇၅ | ၂၄၇၀ | ၂၄၈၅ | ၂၃၈၀ | ၂၃၉၀ | ၂၄၂၅ | ၂၄၂၅ | ၂၄၃၀ | ၂၆၄၅ | ၂၉၃၀ |
| 95 Ron | ၂၄၂၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၇၀ | ၂၄၅၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၇၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၇၃၅ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၅ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၂၀ | ၃၀၃၅ | ၃၃၆၅ |
| HSD (50 ppm) | ၂၈၁၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၀၀ |
| HSD (10 ppm) | ၂၈၁၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၃၆ | ၂၃၁၄ |
| 95 Ron | ၂၃၀၈ | ၂၃၈၈ |
| HSD (500 ppm) | ၂၆၁၄ | ၂၆၉၆ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ ကျောဖုံးမှ

အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေးမှာ ယခုအသက် ၂၅ ရက်သားတွင် အရပ်အမြင့် ၂ ပေ ၆ လက်မ ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၂ လက်မခွဲ၊ ကိုယ်အလေးချိန် ပေါင် ၂၀၀ ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## လက်ပံတန်း၌ အင်း/အိတ်ဖွင့်တင်ဒါချက် ရောင်းချ

**ပဲခူး ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့ နံနက်ပိုင်းက အင်း/အိတ်ဖွင့်တင်ဒါချက် လေလံတင်ရောင်းချပွဲ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးမင်းနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်း တို့က လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ တင်ဒါရောင်းချရာတွင် အင်း ၁၉ အင်းအတွက် ငွေကျပ် ၄၅၂၇၅၀၀၀ ရရှိကြောင်း သိရသည်။ **အောင်ဆင့်**



## ကယားပြည်နယ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**လွိုင်ကော် ဩဂုတ် ၁၆**

ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ နေပြည်တော်၌ ကျင်းပခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန် မှာကြားချက်များ၊ ဒုတိယဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ အဆိုပါလမ်းညွှန် မှာကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး သက်ဆိုင်ရာ ဌာနအသီးသီးက အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်နယ်စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဌာနဆိုင်ရာများက ညွှန်ကြားချက်များ၊ မူဝါဒများနှင့်အညီ သတ်မှတ်ကာလအတွင်း ရည်မှန်းချက်ထားပြီး အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် နည်းလမ်းများကို Power Point ဖြင့် ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအသီးသီးက ပြည်နယ်အစိုးရအဖွဲ့နှင့် လက်တွဲကာ ကဏ္ဍအသီးသီးတွင် လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ပြည်နယ်
(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

လူတစ်ယောက်၊ အထူးသဖြင့် မိန်းမတစ်ယောက်၏ အလှအပကို ဆံပင်သည် များစွာအထောက်အကူပြုသည်။ အတော်အတန်အလှကို ဆံပင်က ထိန်းနိုင်သည်။ ဆံပင်ကို ပယ်ဖြတ်ထားပြီဆိုသောအခါ အကြင်သူ၏အလှသည် များစွာ ဆုတ်ယုတ်လျော့ပါးသွားနိုင်လေသည်။

မခင်သန်းနွဲ့အဖြစ်နှင့်ရှိစဉ်က ရုပ်ရည်ရူပကာယ များစွာ ညှို့ခဲ့သည်မဟုတ်သော်လည်း ဒေါ်ခေမာအဖြစ် မြင်ရသည့်အခါ အလှမှာ များစွာယုတ်လျော့ပျက်ယွင်းသွားသည်။ သည်အကြောင်းတစ်ခုတည်းကြောင့် မဟုတ်သည့်တိုင် ဒေါ်ခေမာမှာ ယခုအခါ ကြည့်ပျော်ရှုပျော်အဆင့်မှပင် ကျဆင်းနေလေသည်။ မျက်နှာ၌ အသားစိုင် နည်းပါးသကဲ့သို့ အရိုးများ ခပ်ငေါငေါ ပေါ်နေသည်။ မျက်လုံးများသည် အတွင်းသို့ ချိုင့်ဝင်နေသယောင် ထင်ရသည်။ တောက်ပမှုကင်းကာ ဝေရီနေသည်။ ကိုယ်မှာ များစွာပိန်နေသည်။ အသားစိုင်ဟူ၍ မရှိတော့သည့်သဖွယ်ဖြစ်သည်။ အကြောများသည် တီကောင်များလို ပေါ်လွင်နေသည်။ ငယ်စဉ်က ပြုမူခဲ့သမျှ ဒဏ်တို့သည် ယခုမှ ပြန်လည် ပေါ်ပေါက်လာကြပုံ ရသည်။ ဒေါ်ခေမာအား ကြည့်မြင်ရသည်က ဝေဒနာမျိုးစုံကို တစ်ပြိုင်နက်တည်း ခံစားနေရသည့်ဟန် ပေါ်ပေါက်နေသည်။

ကိုကျော့မောင်က သူနှင့် နွယ်နွယ်ထွန်းတို့ စနေနံဘုရားမှာဆုံခဲ့ကြကြောင်း ပြန်လည်ပြောပြလိုက်သည်။ အဆုံးတွင်မူ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သူ့သမီးကို ပြန်လည်ရရှိခဲ့ပြီဖြစ်ဟန်တူကြောင်း ပြောမိသည်။

ထိုအခါ ဒေါ်ခေမာက ညည်းတွားသလို ဆိုလာလေသည်။

“ဘာပဲပြောပြော ဒီသတင်းကို ကြားရတာ ဝမ်းသာပါတယ်။ သူလည်း မိခင်၊ ကိုယ်လည်းမိခင်ဆိုတော့ သူ ဘယ်လောက်အထိ ဝမ်းသာသွားမယ်ဆိုတာ ကိုယ်ချင်းစာလို့ ရပါတယ်။ ကံဆိုတာမျိုးကလည်း အဆန်းကြယ်သားကလားနော်။ ဆိုးချင်လာပြီလားဆိုရင်လည်း ဆယ်လို့မရနိုင်အောင်ပဲ။ ကောင်းချင်လာပြန်တော့လည်း အံ့သြရလောက်အောင်ပဲ။ ဒေါ်ရေနံ့သာခင်ခင်ကြီးကို လူအနေအထားအားဖြင့်လည်း လိုက်မမီခဲ့ပါဘူး။ အခုတော့ သူ့ရဲ့ကံကိုပါ လိုက်မမီဘူးလို့ ပြောရတော့မယ်ထင်ရဲ့။ သူက အခုတော့ သမီးနဲ့ တွေ့ရပြီမဟုတ်လား။ သမီးနဲ့ အတူနေနိုင်ပြီမဟုတ်လား။ ဘာပဲပြောပြော သူဟာ အစစအရာရာမှာ သာပါတယ်။ သာနိုင်တဲ့ အခွင့်အလမ်းတွေလည်း ရှိတယ်”

ဒေါ်ခေမာ၏အသံသည် ပြောရင်းမှာပင် ဆို့နင့်သွားသည်။ တိမ်ဝင်သွားသည်။ ကိုကျော့မောင်၏ ပခုံးစွန်းမှကျော်ကာ အဝေးသို့ ငေးကြည့်နေသည်။ မျက်လုံးအိမ်ဝယ် မျက်ရည်ကြည် ခိုသီးလာသည်။

ဒေါ်ခေမာသည် သမီးဖြစ်သူကို သတိရဟန်တူသည်။ နန်းကိန္နရီသည် သူ့စိတ်အတွေးသို့ ရောက်လာခဲ့ဟန်တူပေသည်။ ပြီးလျှင်လည်း သမီးဖြစ်သူနှင့်အတူ မနေနိုင်သော ဘဝ၊ ရှင်ကွဲကွဲ နေရသော အဖြစ်တို့ကို စဉ်းစားကာ ဝမ်းနည်းလာပုံ ရပေသည်။

ထိုအခါမှပင် ကိုကျော့မောင်သည် အကယ်စင်စစ် မိမိလာရောက်ခြင်းမှာ ဒေါ်ခေမာ၏ ကြေကွဲစိတ်ကို ဆွပေးဖို့ သက်သက်ဖြစ်နေပါကလားဟု တွေးမိလာသည်။ မည်သို့ပင်ဆိုစေ သူသည် ဒေါ်ခေမာအား ကရုဏာမသက်ဘဲ မနေနိုင်သည်လည်း အမှန်ပင်။

အင်း ... သူ မွေးခဲ့တဲ့မီးတွေ။ ဦးကောင်းမိုးမွေးခဲ့တဲ့ မီးတွေ အခုထိ မငြိမ်းသေးပါကလား။ အခုထိ တောက်လောင်ဆဲပါကလား စသည်ဖြင့် ကိုကျော့မောင် တွေးနေမိသည်။

“ကိုကျော့မောင် သူတို့သတင်း ကြားသေးသလား ဟင်”

ဒေါ်ခေမာက စိတ်ကို ပြန်လည်ချုပ်တည်းလိုက်သည်။ အာရုံလွှဲပြောင်းနိုင်ရန် စကားစသည်။

“ဘယ်သူ့သတင်းလဲ ဒေါ်ခေမာ”

“သမီး၊ ကျွန်မရဲ့သမီးတို့ သတင်းလေ”

“ဒီတစ်ပတ်တော့ ဘာမှမကြားခဲ့ရဘူး ဒေါ်ခေမာ။ နန်းကိန္နရီ သားယောက်ျားကလေးဖွားတဲ့အကြောင်းတော့ သိပြီးပြီနော်”

“ဟုတ်ကဲ့၊ ဟိုတစ်ပတ်က ကိုကျော့မောင်ပဲ ပြောခဲ့တာပဲ”

“အဲဒါထက် ထူးတဲ့သတင်းတော့ မကြားရသေးပါဘူး ဒေါ်ခေမာ”

“အေးလေ၊ သူတို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိတယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ။ ကျေနပ်လှပါပြီ။ ကျန်းမာချမ်းသာပါစေလို့လည်း နေ့စဉ်နဲ့အမျှ ဆုတောင်းပါတယ် ကိုကျော့မောင်။ နန်းကိန္နရီတို့ကိုမှ မဟုတ်ပါဘူး။ ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ကိုလည်း ဒီအတိုင်းပါပဲ။ အမြဲဆန္ဒပြု ဆုတောင်းပါတယ်”

ကိုကျော့မောင်သည် အင်္ကျီအိတ်အတွင်းမှ ငါးကျပ်တန်တစ်ရွက်ကိုထုတ်ယူကာ ဒေါ်ခေမာ၏ ရှေ့၌ ချပေးလိုက်သည်။ လှူခြင်းဖြစ်သည်။

“ပြန်ဦးမယ် ဒေါ်ခေမာ။ သူတစ်ပါးကျန်းမာဖို့ ဆုတောင်းသလို ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်လည်း နေဦး”

ဒေါ်ခေမာက ခေါင်းညိတ်ပြသည်။

“ဒေါ်ဥာဏစာရီ မဆုံးခင်ကတည်းက အတော်ပင်ပင်ပန်းပန်း ပြုစုခဲ့ရတယ်။ ဆုံးတဲ့အထိပဲ ဆိုပါတော့။ ဒီကတည်းက ကျန်းမာရေးဟာ သိပ်ကောင်းလှတယ်မရှိဘူး ကိုကျော့မောင်”

“ဒါကြောင့်ပြောတာပေါ့။ ဆေးကလေး ဝါးကလေး မှာချင်တာရှိရင်လည်း မှာလေ။ လာပို့ပေးမယ်”

ဒေါ်ခေမာက ခေါင်းကို ယမ်းခါလိုက်သည်။

“မမှာတော့ပါဘူး။ ဒါထက် ကိုကျော့မောင် ဘယ်တော့ ရန်ကုန်ကိုဆင်းမလဲ”

“သိပ်မကြာခင်မှာ ဆင်းဖြစ်မယ်။ အများဆုံး လေးငါးရက်ပဲ နေနိုင်တော့မယ်။ ဘာဖြစ်လို့မေးတာလဲဟင်”

ဒေါ်ခေမာသည် ကိုကျော့မောင်၏ အမေးကို အဖြေမပေးသေးဘဲ တွေနေသည်။ အတန်ကြာမှ သက်ပြင်းရှိုက်ခြင်းနှင့်အတူ ပြောသည်။

“ရန်ကုန်ကို ဆင်းရကောင်းမလားလို့ပါ။ ကိုကျော့မောင် သိတဲ့အတိုင်းပဲလေ။ ဒီမှာက ကိုယ့်ဇာတိဆိုပေမဲ့ ဆွေမျိုးမိတ်သင်္ဂဟရှိတော့တာမှ မဟုတ်ဘဲ။ အားလုံးဟာ သူစိမ်းတွေလို ဖြစ်နေတာကလား။ ထောက်ထောက်ထားထား အားကိုးရမယ့်လူကလည်း မရှိ။ ရန်ကုန်မှာလည်း အသိအကျွမ်းရှိလှတယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆေးရုံကောင်းကောင်းရှိတယ်။ မတော်တဆ ဆေးရုံတက်ရမယ့် အဖြစ်တွေ ဘာတွေဖြစ်လာရင် ရန်ကုန်က ပိုကောင်းမယ် ထင်လို့ပါ”

ကိုကျော့မောင်သည် ဒေါ်ခေမာ၏ ဆိုလိုချက်ကို နားလည်လိုက်သလိုရှိသည်။

ထို့ကြောင့်ပင် သူက ပြောမိသည်။

“ဒေါ်ခေမာ လိုက်ချင်ရင် လိုက်ခဲ့တာပေါ့။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒေါ်ဥာဏစာရီ ဆုံးသွားတဲ့နောက်ပိုင်းမှာ ဒီနေရာမှာ ဒေါ်ခေမာ ဆက်နေလို့လည်း သိပ်အကြောင်းမထူးတော့ပါဘူး”

ဒေါ်ခေမာသည် အဝေးသို့ ငေးကြည့်နေရင်းကပင် စကားကို ခပ်တိုးတိုးဆိုလိုက်သည်။

“နောက်တစ်ခုကလည်း မသေခင်မှာ သမီးရဲ့ မျက်နှာကို တစ်ကြိမ်ဖြစ်ဖြစ် မြင်ရချင်သေးတယ် ကိုကျော့မောင်။ မြေးကလေးကိုလည်း တွေ့ဖူးသွားချင်တယ်။ ဒါဟာ ကျွန်မရဲ့ အဓိကအကျဆုံးနဲ့ နောက်ဆုံးဆန္ဒပါ”

**“အရိပ်တို့ ရှည်လျားတတ်လေသော ဆည်းဆာချိန် ဖြစ်သည်။ သစ်ပင်တို့၏အရိပ်သည် မြေနီလမ်းပေါ်၌ ကန့်လန့်ဖြတ် ဖြတ်သန်းနေကြသည်။ မြူမှုန်ရောထွေးနေသော နေရောင်ခြည်မှာ များစွာတောက်ပခြင်းမရှိတော့။ ပူပြင်းခြင်းမရှိ။ ဝါရွှေသောအဆင်းအရောင်ကို ဆောင်နေသည်။ ကျေးငှက်တို့ အိပ်တန်းဆီသို့ ပြန်လာကြပြီ။ သို့တိုင်အောင် နားနေခြင်းမပြုသေး။ တစ်ကောင်နှင့် တစ်ကောင် ရန်ထောင်နေသည့်ပမာ ဆူညံစွာ မြည်ကြွေးနေကြဆဲ။ သည်အထဲမှာ စာကလေးတစ်သိုက် နေထိုင်ပုံရသော ရေတမာပင်သည် . . .”**

သည်စကားကိုမူ ကိုကျော့မောင် များစွာနှစ်ခြိုက်ခြင်းမဖြစ်မိ။ ယင်းသို့ ပြုမူခြင်းဖြင့် နန်းကိန္နရီနှင့် မျိုးထွန်းသိန်းတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရမည်ကို သူ မလိုလားမိပေ။

ဒေါ်ခေမာက ကိုကျော့မောင်၏အတွင်းသန္တာန်ကို ရိပ်စားမိသလို စကားဆက်ပြောသည်။

“ဒါပေမဲ့ စိတ်ချပါ။ သူတို့က ကျွန်မကို ဘယ်သူ ဘယ်ဝါရယ်လို့ မသိစေရပါဘူး။ သူတို့အနေနဲ့ ဘာမှမသိရစေဘဲ ကျွန်မဘာသာ တတ်နိုင်သမျှ လျှို့လျှို့ဝှက်ဝှက်နဲ့ တွေ့နိုင်အောင် ကြိုးစားမှာပါ”

သည်ကတိကို ရလေမှပင် ကိုကျော့မောင်မှာ ဘဝင်ကျရသည်။

“ကောင်းပြီလေ။ ရန်ကုန်ကို ဆင်းမယ့်နေ့ကျရင် လာခေါ်မယ် ဟုတ်လား”

ဒေါ်ခေမာ ခေါင်းညိတ်ပြသည်။ သည်တစ်ကြိမ်တွင်မူ သူ၏ ဝေရီနေသော မျက်လုံးများမှာ ထူးထူးခြားခြား တောက်ပြောင်လာသည်ဟု ကိုကျော့မောင် ထင်လိုက်မိလေသည်။

x x x x x

[၂]

အရိပ်တို့ ရှည်လျားတတ်လေသော ဆည်းဆာချိန် ဖြစ်သည်။ သစ်ပင်တို့၏အရိပ်သည် မြေနီလမ်းပေါ်၌ ကန့်လန့်ဖြတ် ဖြတ်သန်းနေကြသည်။ မြူမှုန်ရောထွေးနေသော နေရောင်ခြည်မှာ များစွာတောက်ပခြင်းမရှိတော့။ ပူပြင်းခြင်းမရှိ။ ဝါရွှေသောအဆင်းအရောင်ကို ဆောင်နေသည်။

ကျေးငှက်တို့ အိပ်တန်းဆီသို့ ပြန်လာကြပြီ။ သို့တိုင်အောင် နားနေခြင်းမပြုသေး။ တစ်ကောင်နှင့် တစ်ကောင် ရန်ထောင်နေသည့်ပမာ ဆူညံစွာ မြည်ကြွေးနေကြဆဲ။ သည်အထဲမှာ စာကလေးတစ်သိုက် နေထိုင်ပုံရသော ရေတမာပင်သည် အဆူညံဆုံး ဖြစ်လေသည်။

သုသာန်မြေသည် တစ်စထက်တစ်စ ငြိမ်သက်လာလေသည်။ လူသူ ကင်းရှင်းလာလေသည်။ အုတ်ဂူနှင့် မှတ်တိုင်တို့မှာ ကြည့်လေရာတိုင်း၌ မွမွကြဲနေသည်။ သုသာန်သို့ လာလေမှပင် လောက၌ သေဆုံးသူတို့ များပြားလှပါကလား ထင်ရသည်။ အယုတ်အလတ်အမြတ်မရွေး သည်နေရာမှာတော့ တစ်ရေတည်း တစ်မြေတည်း၌ ဆုံကြသည်။ လှပသည်၊ အကျည်းတန်သည်မရွေး၊ သည်နေရာမှာတော့ အားလုံးအတူတကွ လဲလျောင်းနေကြရသည်။ လူတစ်ယောက် သေဆုံးသွားပြီ ဆိုသောအခါ အသက်ရှိစဉ်က ဘာပဲဖြစ်နေဖြစ်နေ မြေကြီး မြေမှုန့်လောက်မျှ တန်ဖိုးမရှိတော့သည် အမှန်ပင်။ သို့ပေမဲ့ သူတို့၏ဘဝကလည်း အားကျစရာတော့ အကောင်းလေသား။ အပူအပင်မရှိ၊ အနှောင့်အယှက်မရှိ။ သောကမရှိ၊ မာန်မာနမရှိ၊ ငြိမ်းချမ်းလေစွတကား။

သစ်ပင်ရိပ်တို့ ကန့်လန့်ဖြတ် ဖြတ်သန်းနေသော မြေနီလမ်းကလေးပေါ်တွင် ဖောက်စ်ဝက်ဂင် ကားကလေးတစ်စီး ရပ်ထားသည်။ မော်တော်ကားရှေ့ဘီးနှံ့ကာကိုမှီလျက် လူရွယ်တစ်ယောက် ရပ်နေသည်။ သူသည် မလှမ်းမကမ်းတွင်ရှိသော အမျိုးသမီးတစ်ယောက်၏ နောက်ကျောပိုင်းကို စူးစိုက်ကြည့်နေရာက လှမ်းပြောလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# တောင်တွင်းကြီးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း(၆၆/၆)ပုံစံများအား Software Program ဖြင့် ထည့်သွင်းဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်သည် ယနေ့နံနက် ၁၁ နာရီက တောင်တွင်းကြီးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)များအား Software Program ဖြင့် ထည့်သွင်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းများဆောင်ရွက်နေသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများဖြင့် အိမ်ထောင်စုလူဦးရေစာရင်း(၆၆/၆)ပုံစံများအား Software Program စနစ်ဖြင့် ထည့်သွင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြို့နယ်အတွင်း ဆောင်ရွက်ပြီးသော နိုင်-၄ ကိုယ်ရေးအချက်အလက်များကို အခြေခံကာ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရာတွင် လည်းကောင်း၊ နိုင်ငံသားများ၏ ကိုယ်ရေးအကြောင်းအရာများကိုသိရှိလိုလျှင်သော်လည်းကောင်း တိကျမှန်ကန်သော အထောက်အထားများကို အမြန်ဆုံးသိရှိနိုင်ရေးတို့အတွက် အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆) ပုံစံများအား Software Program စနစ်ဖြင့် ထည့်သွင်းရိုက်ကူးရခြင်း ဖြစ်ကြောင်း၊ အိမ်ထောင်စုလူဦးရေ စာရင်းပုံစံရေးသွင်းရာတွင် အချိန်မီပြီးစီးရေးနှင့် တိကျမှန်ကန်စွာ စာရင်းရေးသွင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# ပညာရေးငွေစု / ငွေချေး သမဝါယမအသင်းလီမိတက်က စုဆောင်းငွေပေါ်အတိုးများ ပေးအပ်

**ရမ်းဗြဲ ဩဂုတ် ၁၆**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ပညာရေးငွေစု/ငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လတာ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ယနေ့ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများ၊ အသင်းသားအသင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အသင်း၏လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအတွင်းရေးမှူးက ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသည့် အသင်းသား အသင်းသူများ၏ ဆုံးဖြတ်ချက်ရယူကာ သဘာပတိက အတည်ပြုသည်။

ထို့နောက် အသင်းမှ အသင်းသား ၁၂၀၅ ဦးအား စုဆောင်းငွေအတိုးငွေကျပ် ၄၄၄ ဒသမ ၈၂ သိန်းကို ထုတ်ပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အသင်းသား အသင်းသူများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၂ ဒသမ ၆ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်အောင်၌ မိုးနေကြာမျိုးစေ့ထုတ်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**မြန်အောင် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြန်အောင်မြို့နယ်အတွင်းရှိ မိုးနေကြာမျိုးစေ့ထုတ်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုရန်နှင့် ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် ကြိုတင်စီမံဆောင်ရွက်ကြရန်ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက နေကြာစိုက်ခင်းများ၏ လက်ရှိအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်အောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ခံက စိုက်ပျိုးစရိတ်ထုတ်ချေးပေးမှု၊ ပြန်လည်ပေးဆပ်ရမည့်ကာလ၊ အတိုးနှုန်းများကို ရှင်းလင်းပြောကြားသည်။

မြန်အောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြန်အောင်မြို့နယ်အတွင်းရှိကျေးရွာအုပ်စု လေးအုပ်စုမှ မိုးနေကြာမျိုးစေ့ထုတ်တောင်သူ ရှစ်ဦး၏ ၂၂ ဧကအတွက် တစ်ဧက ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၃ သိန်း ပေးအပ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တန့်ယန်း၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**တန့်ယန်း ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ပေးနေရာ ဟိုတာကျေးရွာအုပ်စု နားမွန်းကျေးရွာအတွင်း၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွန်ကရစ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် VDP ရန်ပုံငွေမှ ငွေကျပ် ၁၀ သန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် ကုန်ထုတ်လမ်းများနှင့်ပါ ချိတ်ဆက်နိုင်မည်ဖြစ်သည့်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**✻ အာရှမှ**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပွဲချိန် ၂၁ မိနစ်တွင် ရပ်နားခဲ့ရခြင်းဖြစ်ကာ လက်ကျန် ၆၉ မိနစ်ကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ပြန်လည်ကစားရခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးကလပ် အား/ကာ သိပ္ပံအသင်းအနေဖြင့် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အား/ကာသိပ္ပံအသင်းတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းခေါင်းဆောင် ခင်မာလာထွန်းဦးဆောင်ကာ လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်အဆင့် ကစားသမားများ ပါဝင်ကစားခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် နှစ်ဂိုးအရှုံးမှ နှစ်ဂိုးပြန်သွင်းကာ သရေလိုက်ကစားနိုင်သော်လည်း နှစ်ဂိုးစီသရေကျပြီး နှစ်မိနစ်အကြာမှာပင် တတိယဂိုးခွင့်ပြုခဲ့ရသဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးများကို ၃၃ မိနစ်တွင် ခင်မာလာထွန်း၊ ၅၈ မိနစ်တွင် ရွှေရည်ထွန်းတို့က သွင်းယူပြီး တိုင်ချောင်ဘလူးအသင်းအတွက် ဂိုးများကို ၂၈၊ ၃၂၊ ၆၀ မိနစ်တို့တွင် သွင်းယူခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၁၈ ရက်တွင် ထိုင်းကလပ် College of ASIAN Scholars အသင်းနှင့် ကစားရမည်ဖြစ်သည်။ အရှေ့အာရှဇုန်တွင် မြန်မာ၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)ကလပ်တို့ ပါဝင်ယှဉ်ပြိုင်နေပြီး အမှတ်အများဆုံးရသည့် ကလပ်အသင်းမှာ အနောက်အာရှဇုန်မှ အမှတ်အများဆုံးရရှိသည့် အသင်းနှင့် ဗိုလ်လုပွဲ ပြန်လည်ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-AFC**


**“ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၁၀၀၀)၊ ၆-လွှာ(ဘယ်)ဘက်အခန်း၊ အကျယ်အဝန်း(၁၇ပေ x ၅၅ပေ)၊ ရေမီးစုံ အပါအဝင် ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းချသူများဖြစ်ကြသော (၁) ဒေါ်ကျင်အေး [၁၂/ ဗဟန(နိုင်) ၀၇၀၆၀၅]ကိုင်ဆောင်သူ၊ (၂) ဒေါ်လှမြင့် [၁၂/ ဥကတ(နိုင်)၀၁၈၃၈၈] ကိုင်ဆောင်သူနှင့် (၃) ဒေါ်ကူချောင်နာဟရ် (AKB-၂၂၃၅၅၅) [၁၂/ ဥကတ(နိုင်)၂၀၆၆၀၇]ကိုင်ဆောင်သူတို့မှ တရားဝင်ပိုင်ဆိုင် လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ဌေး (S/DGNMTT-၀၄၁၂၅၁)ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်ခင်ခင်ဌေး**
**(S/DGNMTT-၀၄၁၂၅၁)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)**
**အမှတ်(၁၅)၊ ပထမထပ်၊ ၁၃၄-လမ်း၊ မအူကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-5064959**

**“ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၁၀၀၀)၊ ၆-လွှာ(ညာ)ဘက်အခန်း၊ အကျယ်အဝန်း(၁၇ ပေ x ၅၅ ပေ)၊ ရေမီးစုံအပါအဝင် ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းချသူများဖြစ်ကြသော (၁)ဒေါ်ကျင်အေး[၁၂/ဗဟန(နိုင်) ၀၇၀၆၀၅] ကိုင်ဆောင်သူ၊ (၂)ဒေါ်လှမြင့် [၁၂/ဥကတ (နိုင်) ၀၁၈၃၈၈] ကိုင်ဆောင်သူနှင့် (၃) ဒေါ်ကူချောင်နာဟရ် (AKB-၂၂၃၅၅၅) [၁၂/ ဥကတ(နိုင်)၂၀၆၆၀၇]ကိုင်ဆောင်သူတို့မှ တရားဝင်ပိုင်ဆိုင် လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာညွန့်[၁၂/ဥကတ(နိုင်)၁၉၀၆၂၉] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်စန္ဒာညွန့်**
**[၁၂ /ဥကတ(နိုင်)၁၉၀၆၂၉]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)**
**အမှတ်(၁၅)၊ ပထမထပ်၊ ၁၃၄-လမ်း၊ မအူကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-5064959**

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ အမှတ် (၁၃၆၇)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးစိုးမောင်ထံမှ အဆက်အစပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းခိုင်[၁၂/ရကန(နိုင်)၀၀၆၀၁၉]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှအေး [၁၂/တမန(နိုင်)၁၀၉၈၁၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းသီတာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၂၀)**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန် / နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၈၈၆၀၅ ၊ ၀၉-၇၅၉၂၆၀၂၇၇**


**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

ကွန်ပျူတာကို အသုံးမပြုသည့်အခါ လျှပ်စစ်ခလုတ်ကို ပိတ်ပါ။

Standby Mode ဖြင့် ထားသည့်တိုင် လျှပ်စစ်စားမှု ရှိနေသည်ကို သတိပြုစေလိုပါသည်။



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဧပြီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၈၃၈။ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာမိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၂၈၃၉။ | နှစ်ဖက်သောမိဘများကိုဦးထိပ်ထား၍ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ သား၊ သမီးမြေးများမိသားစု (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၈၄၀။ | အနန္တောအနန္တငါးပါးနှင့် နှစ်ဖက်မိဘများဖြစ်ကြသည့် (ဦးပါအုပ်)+ဒေါ်မာမာသိန်း၊ ဦးဇော်ဝင်း+ဒေါ်ကြည်ကြည်မြင့်တို့အား ဦးထိပ်ထား၍ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့်ဇနီး ဒေါ်တင်စောယုလှိုင် (သမီး)မငုဝါလှိုင်၊ မောင်ဥက္ကာကျော်နှင့်ဇနီး မဇီဇဝါလှိုင်မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ တတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၇၉၀၀၀၀၀ |
| ၂၈၄၁။ | အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူတတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၇၃၅၇၂၀၀ |
| ၂၈၄၂။ | ဗိုလ်မှူးကြီးအေးဖေ(ရေ-ငြိမ်း) အားရည်စူး၍ ဇနီး ဒေါ်ဖြူဖြူ(သားကြီး) ကိုကျော်ရဲမိသားစု၊ (သားငယ်)ကိုနေထက်မိသားစု (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၂၈၄၃။ | အနန္တောအနန္တငါးပါးကိုဦးထိပ်ပန်ဆင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်တပ်နယ်၊ ပစ္စည်းထိန်းတပ်(အင်ဂျင်နီယာ)မှ တပ်မှူး၊ ဒုတိယဗိုလ်မှူးကြီးအုန်းမော်+ ဇနီးဒေါ်ဖြူဖြူလင်းနှင့်သားများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၂၈၄၄။ | အနန္တောအနန္တငါးပါးအားဦးထိပ်ထား၍ ဦးမောင်မောင်ကျော်+ဒေါ်ချိုချိုမြင့်မိသားစု (ကျောက်စာရုံစေတီ-၁ ဆူပဉ္စမအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၈၄၅။ | ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)နှင့် သား၊ သမီး၊ မြေး မိသားစု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၂၈၄၆။ | ဦးဝင်းကြည်+ဒေါ်နန်းလှဦးမိသားစု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | သီပေါမြို့ | ၁၀၀၀၀၀၀ |
| ၂၈၄၇။ | ကွယ်လွန်သူဖခင်ကြီး ဦးအုန်းငွေ၊ မိခင်ကြီး ဒေါ်စန်းမြင့်(အစ်ကို) ကိုခင်မောင်ငွေတို့အားရည်စူး၍ ဦးတင်အောင်ငွေ(နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနကြီးမှူး(အင်ဂျင်နီယာ)) နှင့်ဇနီး ဒေါ်ခိုင်ခိုင်ဦး(သမီး)မငွေခြူးကေဇင်မိသားစုကောင်းမှု | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၈၄၈။ | နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးမျိုးမြင့်+ဒေါ်မြင့်ပိုမိသားစုကောင်းမှု | ရပ်စောက်မြို့ | ၃၃၀၀၀၀ |
| ၂၈၄၉။ | ဒေါ်လှရှင် | ပြင်ဦးလွင်မြို့ | ၃၀၀၀၀၀ |
| ၂၈၅၀။ | ဒေါ်ဝေဝေနိုင် | ဓနုဖြူမြို့ | ၂၀၀၀၀၀ |
| ၂၈၅၁။ | ဦးသိန်းထွန်း+ဒေါ်မြကျင်(ရန်ကုန်)နှင့် ဦးစိန်မောင်+ဒေါ်စောစိန်မိသားစု | ရေနံချောင်းမြို့ | ၁၈၀၀၀၀ |
| ၂၈၅၂။ | လေကြောင်းရန်တပ်ရင်း၊ လယ်ဝေးမြို့မှ အရာရှိ စစ်သည်များ | လယ်ဝေးမြို့ | ၁၀၀၀၀၀ |
| ၂၈၅၃။ | ဦးစန္ဒောဘာသ | တပ်ကုန်းမြို့ | ၆၀၀၀၀ |
| ၂၈၅၄။ | အင်းဝဘဏ်လီမိတက်ကမာရွတ်ဘဏ်ခွဲမှဝန်ထမ်းများ | ရန်ကုန်မြို့ | ၃၅၀၀၀ |
| ၂၈၅၅။ | အင်းဝဘဏ်လီမိတက် မြောက်ဥက္ကလာဘဏ်ခွဲမှဝန်ထမ်းများ | ရန်ကုန်မြို့ | ၂၁၀၀၀ |
| ၂၈၅၆။ | ဦးသန်းဇော်ထွေး | ရန်ကုန်မြို့ | ၁၅၀၀၀ |
| ၂၈၅၇။ | ဗိုလ်ကြီးကျော်စွာဆင့် | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၂၈၅၈။ | ဒေါ်တင်ရွှေ | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၂၈၅၉။ | ကွယ်လွန်သူဘိုးဘွားမိဘ အစ်ကိုအစ်မများနှင့်(သားကြီး)ဦးကျော်တိုးထွန်းအားရည်စူး၍ ဒေါက်တာသိန်းထွန်း+ ဒေါက်တာဒေါ်သန်းတိုးမိသားစုကောင်းမှု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၂၈၆၀။ | ဦးမြအောင်+ဒေါ်အုန်းမေ(သမီး) ဒေါက်တာမာလာအောင်(အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး) | နေပြည်တော် | ၂၀၀၀၀၀၀ |
| ၂၈၆၁။ | ဒုတိယဗိုလ်မှူးကြီးမောင်မောင်တင်(ငြိမ်း)+ ဒေါ်မြင့်မြင့်အောင်(သမီး)ဒေါ်တင်မျိုးချစ်၊ ဒေါက်တာဇာနည်မြင့် (သား)ဦးရဲကျော်စွာ+ဒေါ်ရတနာအောင်ကျော်(မြေး)မအနာဂတ်ခေတ်မိသားစု (မဟာရံတံတိုင်းထောင့်တိုင်-၁ တိုင် လှူဒါန်း) | မိတ္ထီလာမြို့ | ၁၅၀၀၀၀၀ |
| ၂၈၆၂။ | ဦးမောင်အုန်း+ဒေါ်ကံအေးမိသားစု | ပုသိမ်မြို့ | ၆၀၀၀၀၀ |
| ၂၈၆၃။ | ဒေါ်ကြည်ကြည်(ခ)ဒေါ်လေးကြည် | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၈၆၄။ | ကွယ်လွန်သူဦးမျိုးဝေအားရည်စူး၍ ဒေါ်ရွှေကြည်မိသားစုကောင်းမှု | မိုးကုတ်မြို့ | ၃၀၀၀၀၀ |
| ၂၈၆၅။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဗိုလ်ကြီးမိုးသူနှင့်ဇနီးဒေါ်စောဥမ္မာ(သမီး)မသူသူအောင်၊ (သား)မောင်ဖြိုးဝေအောင် | နေပြည်တော် | ၂၀၀၀၀၀ |
| ၂၈၆၆။ | ကွယ်လွန်သူမိဘနှစ်ပါးဖြစ်ကြသော ဦးကျော်မြင့်သိန်း+ဒေါ်ကြည်ကြည်မြင့်တို့အားရည်စူး၍ သားသမီးများကောင်းမှု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၈၆၇။ | ဦးဇော်လင်း+ဒေါ်တင်တင်လှ (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၈၆၈။ | အင်းဝဘဏ်လီမိတက် လှိုင်ကော် ဘဏ်ခွဲမှဝန်ထမ်းများ | လှိုင်ကော်မြို့ | ၃၅၀၀၀ |
| ၂၈၆၉။ | ဒေါ်အိအိဖြူ | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၂၈၇၀။ | အင်းဝဘဏ်လီမိတက် မြိုင်ကလေးဘဏ်ခွဲမှဝန်ထမ်းများ | မြိုင်ကလေးမြို့ | ၂၀၀၀၀ |
| ၂၈၇၁။ | ဦးဇော်မျိုးသန့်+ဒေါ်ခင်ဇာလွင်မိသားစု | ပုသိမ်မြို့ | ၂၀၀၀၀ |
| ၂၈၇၂။ | ဒေါ်ခင်မိုးနိုင် | နေပြည်တော် | ၁၀၀၀၀ |
| ၂၈၇၃။ | ဦးဟန်ထွန်းဦး | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၈၇၄။ | ဒေါ်ရင်ရွှေ | နေပြည်တော် | ၁၀၀၀၀ |
| ၂၈၇၅။ | ကွယ်လွန်သူဆရာမကြီး ဒေါ်ညွန့်ညွန့်လွင်အားရည်စူး၍ ဗိုလ်မှူးသန်းစိန်(ငြိမ်း)ကောင်းမှု (လမ်းမီးတိုင်-၂ တိုင်လှူဒါန်း) | မိတ္ထီလာမြို့ | ၂၀၀၀၀၀၀ |

## "အထူးကျေးဇူးတင်ရှိခြင်း"

(၇-၈-၂၀၂၂)ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၌ ကွယ်လွန်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး "ဦးမျိုးသန့်ဖေ"၏ဈာပနကို အကြောင်းပြု၍ မေတ္တာအထူးပြုခဲ့ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ အမှူးပြုသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းနှင့် အမှုထမ်း မိသားစုများအားလည်းကောင်း၊ ပေကျင်းမြို့ မြန်မာသံရုံးယာယီတာဝန်ခံနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ မြန်မာနိုင်ငံသို့ ရုပ်ကလာပ် ပြန်လည်ပို့ဆောင်ရာတွင် ကူညီပေးခဲ့ပါသော ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးအကြီးအကဲနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများ အားလုံးတို့အားလည်းကောင်း၊ "ဦးမျိုးသန့်ဖေ"နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နှစ်ကာလကြာရှည်စွာ ညီအစ်ကိုမောင်နှမအရင်းများသဖွယ် တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာသမားများအားလုံးနှင့် လုပ်ဖော်ကိုင်ဖက် မိသားစုများအားလုံးတို့အားလည်းကောင်း၊ ဘဝတစ်လျှောက်လုံး "ဦးမျိုးသန့်ဖေ"နှင့် မောင်နှမများအား မိဘများသဖွယ် ပံ့ပိုးစောင့်ရှောက်ပေးခဲ့ကြပါသော အန်ကယ် ဝဏ္ဏကျော်ထင် ဦးခင်မောင်အေးနှင့် ဇနီး အန်တီ ဒေါ်ခင်နီ မိသားစုအားလည်းကောင်း၊ ဈာပနကိစ္စ၌ သက်နှင်းစသော လှူဖွယ်များနှင့် ပန်းခွေ၊ ပန်းခြင်း ပေးပို့ခဲ့ကြသော အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းတို့အားလည်းကောင်း၊ အထူးအားဖြင့် "ဦးမျိုးသန့်ဖေ" ရုတ်တရက်နာမကျန်းဖြစ်သည်မှစ၍ မြန်မာနိုင်ငံသို့ ကျန်ရစ်သောရုပ်ကလာပ် ပြန်လည်ရောက်ရှိသည်အထိ လိုလေသေးမရှိ မေတ္တာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့ကြပါသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယူနန်ပြည်နယ်အစိုးရ၊ ယူနန်ပြည်နယ်နိုင်ငံခြားရေးရုံး၊ ကူမင်းမြို့ရှိ Affiliated Hospital and Yunan University, China Eastern Airline နှင့် Sinopipeline International တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး၊ ကူမင်းမြို့တွင် သီတင်းသုံးတော်မူသော ဆရာတော် Chau Gepida နှင့် ကူမင်းမြို့ရောက် မြန်မာနိုင်ငံသား မိတ်ဆွေများအားလည်းကောင်း "ဦးမျိုးသန့်ဖေ"၏ ကျန်ရစ်သူမိသားစုက ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီဦးစိုးနိုင်(ခ)ဟာမိဒ်ဘိုင်(ခ)အာမဒ်ဘိုင်
**(စူရတီဗလီမကာမိ)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းနေ ဟာဂျီဦးမောင်မောင်( ရွှေကမ္ဘာ မောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဟာဂျီမ ဒေါ်အေးတင်တို့၏ညီဖြစ်သူ၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၁၉-ဘီ)နေ ဟာဂျီမ ဒေါ်မိုးသူဇာဝင်း၏ခင်ပွန်း၊ သားသမီး လေးယောက်တို့၏ဖခင် ဟာဂျီဦးစိုးနိုင်(ခ) ဟာမိဒ်ဘိုင်သည် ၁၅-၈-၂၀၂၂ (တနင်္လာနေ့) ညနေ ၃:၄၀ နာရီတွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အမှတ်-၁၃၇၅၊ ယမနေ(၃)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၃၄ )၊ မြေကွက်အမှတ် (၁၃၇၅)၊ မြေဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လတ်လတ် (ဘ) ဦးမြသန်း [၁၂/လသန(နိုင်)၀၁၀၂၃၈] အမှတ်-၁၃၇၅၊ ယမနေ(၃)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း- ၀၉-၅၁၇၁၄၃၃** | **ဖုန်း- ၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

### အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အမှတ်-၁၁၂၁၊ မင်းရဲကျော်စွာလမ်း၊ ၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၁၁၂၁)၊ မြေဧရိယာ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းတင် (ဘ) ဦးအုန်းမြင့် [၁၂/မဂဒ(နိုင်)၁၁၆၁၁၈] အမှတ်-၁၁၂၁၊ မင်းရဲကျော်စွာလမ်း၊ ၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc,PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း- ၀၉-၅၁၇၁၄၃၃** | **ဖုန်း- ၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## "လွမ်းဆွတ်သတိရခြင်း"

| | |
|---|---|
| **ဦးလွင်ဦး(ခ)ဦးဝင်းစိန်** | **(၂၇-၄-၂၀၁၅)** |
| **ဦးထွန်းထွန်းစိန်** | **(၁၇-၈-၂၀၁၈)** |
| **ဒေါ်သီသီစိန်** | **(၂၂-၃-၂၀၁၈)** |

ဖေဖေ၊ မေမေ မိသားစု ညီအစ်ကိုမောင်နှမများနှင့် ခွဲခွာသွားကြတာ ရက်တွေ၊ နှစ်တွေ ကြာခဲ့သော်လည်း ယနေ့အထိ လွမ်းဆွတ်နေဆဲပါ။

နေ့စဉ်ပြုသမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်အစုစုနဲ့ ဒို့တစ်တွေ တစ်ဆယ့်ငါးနှစ်ဆက်တိုက် ကထိန်ခင်းခဲ့ကြတဲ့ ဟိုပုန်းမြို့နယ်၊ ဖာလှိုင်ဗွေလွန်ဘုန်းကြီးကျောင်းမှာရှိသော "အောင်ဆုပြည့်ဝ လိုတရ" သုံးထပ်ကျောင်းဆောင်သစ်အတွက် ယနေ့လှူဒါန်းခဲ့သော ဝတ္ထုငွေ၊ ကိုးမိုင်ပင်မ ဗုဒ္ဓဝါဒီကျောင်းအတွင်းရှိ လမ်းအလှူနှင့် သံဃာတော်၊ သီလရှင်များအတွက် ဆွမ်းအလှူတို့ကို ကွယ်လွန်ပြီးသော မောင်နှမသုံးယောက်အတွက်ရည်စူး၍ ယနေ့(၁၇-၈-၂၀၂၂)ရက်နေ့မှာ ကပ်လှူပါသည်။ မြင့်မြတ်သောဘုံဘဝမှာ အေးချမ်းစွာရှိကြပါစေ။

**ဖေဖေ- ဒုဗိုလ်မှူးကြီး သာစိန်(ငြိမ်း)**
**မေမေ- ဒေါ်မြအေး**
**ညီမ/အစ်မ-ဒေါ်ကြည်ကြည်စိန်**
**ညီမထွေး- ဒေါ်စံပါယ်ဖြူနှင့် တူ၊ တူမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဂွမ်ဟုန်
**ကျောက္ကာကျေးရွာ၊ ပုလောမြို့နယ်**
**အသက်(၆၆)နှစ်**

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှ-ဒေါ်ရှုလှိုင်တို့၏ညီ/မောင် ဦးဂွမ်ဟုန် အသက်(၆၆)နှစ်သည် ၁၅-၈-၂၀၂၂ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစု၊ ညီအစ်ကို၊ မောင်နှမများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရမိပါကြောင်း။

**ဦးဆောင်နာယကကြီး ဦးဘမြင့်၊ နာယက ဦးကြီးညွန့်၊**
**အမှုဆောင် ဦးအင်ဝင်း**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဂွမ်ဟုန်
**ကျောက္ကာကျေးရွာ၊ ပုလောမြို့နယ်**
**အသက် (၆၆)နှစ်**

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှ-ဒေါ်ရှုလှိုင်တို့၏ ညီ/မောင် ဦးဂွမ်ဟုန် အသက်(၆၆)နှစ်သည် ၁၅-၈-၂၀၂၂ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစု၊ ညီအစ်ကိုမောင်နှမများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**ဥက္ကဋ္ဌ ဦးစူးဘွန်၊ ဒု-ဥက္ကဋ္ဌ ဦးအင်ရှိန်၊**
**မြိတ်အဝေးရောက်အမှုဆောင်အဖွဲ့**

### ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(နွယ်အေး)၊ မြေကွက်အမှတ်(၅၄၀)၊ ဧရိယာ (၂၅x၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၅၄၀)ဟုခေါ်တွင်သည့် မြေ/အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါမြေကွက်နှင့်အဆောက်အအုံ၏ တရားဝင်အမည်ပေါက် **ဦးလှစိန် (KLT-၀၁၀၁၈၈)**ဖြစ်ပြီး အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ **ဦးစိုးမိုးကျော်[၁၂/ဒပန(နိုင်)၀၄၃၉၄၉]**၏ကိုယ်စား ညီဖြစ်သူ **ဦးဝင်းကျော်ထက်[၁၂/ဒပန(နိုင်)၀၄၉၆၀၁]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

### ကြော်ငြာစာပြန်လည်ရုပ်သိမ်းခြင်းနှင့် အနူးအညွတ် တောင်းပန်ခြင်း

ဒေါ်အိမ်ထေး၏ မိခင်ဖြစ်သူ ဒေါ်တင်(ခ) ဒေါ်ထားအေး (၉-၈-၂၀၂၂) ရက်နေ့က ကွယ်လွန်သည်ကို ဒေါ်ထားအေး(ခ) ဒေါ်တင်နှင့် အတူနေ ကူညီလုပ်ကိုင်ပေးသည့်ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသီတာမှ အသုဘရှုရက်လည် ဆွမ်းသွတ် တရားတော်နာဖိတ်ကြားလွှာတွင် မွေးသမိခင်ကျေးဇူးရှင်ဖြစ်ကြောင်း ဖော်ပြခဲ့မိသည်ကို ဒေါ်မြသီတာမှ မည်သည့်ရည်ရွယ်ချက်နှင့်မျှ ကြော်ငြာစာကမ်းခြင်း မဟုတ်ပါကြောင်းနှင့် ထို့အတွက် အနူးအညွတ် တောင်းပန်ပါကြောင်း ထိုကြော်ငြာစာအား ယနေ့ထုတ်သတင်းစာတွင် ရုပ်သိမ်းပါကြောင်း ဒေါ်မြသီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ ထပ်ဆင့် တောင်းပန်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၈၂၁၆၁၅၉၃၊ ၀၉-၂၅၄၂၁၄၄၂၉**

**သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းနိုင်
**အသက်(၉၀)**

ဗိုလ်ကြီးသက်ဝေ (ငြိမ်း) - ဒေါက်တာ ဒေါ်ခင်မို့မို့တို့၏ဖခင်ကြီး ဦးသိန်းနိုင်သည် ၁၅-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့် မိသားစုများ**

### ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)
## ဒေါ်အဝင်း (ဆင်ဖြူကျွန်း)
**(သက်ကြီးကန်တော့ခံပုဂ္ဂိုလ်)**
**အသက်(၈၂)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့၊ ပိုးအနောက်ရပ်နေ (ဦးသန်းမောင်-ဒေါ်မော်တင်)တို့၏သမီး၊ ဦးတိုးခိုင်အောင်-ဒေါ်နွယ်နွယ်စန်း၊ ဦးနိုင်ကိုဝင်း-ဒေါ်ဇင်မင်းထိုက်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်ဖြိုးသော်ထွန်း၊ မောင်ကောင်းစစ်ညီမ်းတို့၏အဘွား ဒေါ်အဝင်းသည် ၁၅-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၉:၃၅ နာရီတွင် အမှတ်(၁၄၇/ခ)၊ ဂန္ဓမာလမ်းသွယ်၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် နေအိမ်မှ ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များနှင့် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)

### အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးကျော်လင်း
**ဒုအကောက်ခွန်မှူး(ငြိမ်း)**
**အသက်(၆၀)**

ရာသက်ပန်အသင်းဝင်အမှတ်(၁၀၅၂) ဦးကျော်လင်းသည် ၁၅-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းတိုက်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

### ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၃၆၅/က)၊ ဗိုလ်မင်းခေါင်လမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၇)၊ မြေကွက်အမှတ် (၁၃၆၅/က)၊ ဧရိယာ (၂၀'x၆၀') အကျယ်အဝန်းရှိ ပါမစ်မြေသည် ဦးခင်မောင်ညွန့် (AKP-၂၀၆၀၉၄) အမည်ပေါက်ဖြစ်ပြီး၊ အဆိုပါမြေနှင့် ယင်းမြေပေါ်ရှိ (၁)ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်နိုင် [၈/ရနခ(နိုင်) ၁၁၆၅၁၉]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းဝန်ခံပြီး၊ ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှဝေ(စဉ်-၇၁၂၄)** | **ဒေါ်ဘီဘီသိန်း(ခ) ဒေါ်ဘေဘီ(စဉ်-၈၇၉၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၇၅၁၄၄၄၀၁၊ ၀၉- ၇၇၅၁၄၄၄၀၂**

MOEE
YESC

မိမိအိမ်တွင် ရေပိုက်၊ ရေဘားများ မလုံခြုံ၊ ယိုစိမ့်မှုကြောင့် ရေတင်ရချိန် ပိုမိုကြာမြင့်နိုင်သဖြင့် ဓာတ်အားပိုမို အသုံးပြုရပါသည်။ ထို့ကြောင့် ရေလေလွင့်ခြင်းနှင့် ဓာတ်အားလေလွင့်မှုမရှိစေရန် သတိပြုဆင်ခြင်သင့်ပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်နေရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ယခင်အစိုးရ တာဝန်ရှိသူတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ရှိသူအသီးသီးတို့က အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ဒီလိုဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ထောင်စ ဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရပါတယ်။ ဒီလိုကိစ္စတွေ ထပ်မဖြစ်ဖို့လိုပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်း( Institution) ထက် ပုဂ္ဂိုလ်ရေးဩဇာ ထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်ရပါမယ်။ ရွေးကောက်ပွဲတွေမှာ ကြီးမားတဲ့ မဲမသမာမှုတွေမဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအတွက် ခုချိန်မှာ အခြေခံအုတ်မြစ်တည်ဆောက်ဖို့လိုပါမယ်။ အခြေခံရမယ့်အချက်တွေ ခိုင်မာဖို့လိုပါမယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုနဲ့ ပြည်ထောင်စုနိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးကို ရည်မှန်းပြီး ကျွန်တော်တို့အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖**



**ယနေ့** ဖတ်စရာ

**သက်သာသောဈေးနှုန်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများ ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ**

စာမျက်နှာ » ၉



**တရုတ်နိုင်ငံ ကျန်းဇုပြည်နယ်၌ မိုးခေါင်မှုများဖြစ်ပွား**

စာမျက်နှာ » ၁၃

### CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၁၆

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳**

## အာရှ အမျိုးသမီးကလပ်ပြိုင်ပွဲတွင် မြန်မာကလပ် အား / ကာသိပ္ပံအသင်း ရှုံးပွဲကြုံတွေ့



မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်ချောင်ဘလူးအသင်းတို့ ယှဉ်ပြိုင်စဉ်။

ရန်ကုန် ဩဂုတ် ၁၆

၂၀၂၂ အာရှ အမျိုးသမီးကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ (အရှေ့အာရှဇုန်) အုပ်စု ပထမနေ့ကို ဩဂုတ် ၁၆ ရက်က ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပရာ မြန်မာကလပ် အား/ကာသိပ္ပံအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်ချောင်ဘလူး အသင်းတို့မှာ ပုံမှန်အရ ဩဂုတ် ၁၅ ရက် ညနေပိုင်းက ကစားရခြင်းဖြစ်ပြီး **စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✳**